မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၈၅)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော်မြို့တော် ဧပြီ ၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာမီခေး(လ်)ဖရက်ကော့(ဗ်)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြသည်။ စာမျက်နှာ ၈ ကော်လံ ၅ *

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

မိုးစပါးနှင့်နွေစပါးလျာထားချက်ကျော်အောင်စိုက်ပျိုး ရည်မှန်းချက်တာဝန်များ အောင်မြင်အောင်စွမ်းဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အပိုင်းမှ တာဝန်ရှိသူများသည် နယ်မြေဒေသအလိုက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရန်အတွက်လည်း လှည့်လည်ကြည့်ရှုစစ်ဆေး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မတ်လ ၂၉ရက်နေ့က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာ ကျုံပကူးတံတားတည်ဆောက်ပြီးစီးမှု၊ ကျေးရွာမူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှု၊ ဝင်းကံ-သုံးခွ-ဆင်တွင်းကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှု၊ ကရင်ပြည်နယ် မြိုင်ကလေးရှိ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၏ ကုန်ထုတ်လုပ်မှု၊ ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ မျိုးစေ့ ပျိုးပင်၃၀၀၀၀ ပျိုးထောင်ထားရှိမှု၊ ဘားကပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းစီမံကိန်းမှ စိုက်ပျိုးရေပေးဝေမှု၊ နွေစပါးနှင့် မိုးစပါးစိုက်ပျိုးနေမှု၊ ဘားအံအစိုးရကွန်ပျူတာကောလိပ် တည်ဆောက်ပြီးစီးမှု၊ သံလွင်တံတား(ဘားအံ)၏ တံတားကြံ့ခိုင်မှု၊ တရုတ်လုစံပြကျေးရွာ စိုက်ပျိုးရေး ပညာပေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးစိုက်ဧကငါးသိန်းနှင့် နွေစပါးစိုက်ဧက ၁ဒသမ ၅သိန်း ပြည့်မီကျော်လွန်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဆောင်းသီးနှံများလျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးလျက်ရှိသည်။

၂၀၀၆ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ဧကတစ်သိန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအထိ ပျိုးထောင်ပြီးအပင် ၅၁၂၁၂၂၉ပင်နှင့် စိုက်ပျိုးပြီးဧက ၅၇၂ဧကဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားတိုးတက်လာစေရန် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေး၊ သီးနှံစိုက်စွမ်းအားတိုးမြှင့်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နယ်မြေဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ အပြည့်အဝစိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးမြေကျယ်ဝန်းသည့် ဒေသများတွင် စပါးနှင့်အခြားသီးနှံများတိုးမြှင့် စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကရင်ပြည်နယ်အနေဖြင့် မိုးစပါးနှင့်နွေစပါးလျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုးသွားကြရန်နှင့် နိုင်ငံဝန်ထမ်းများအနေဖြင့်လည်း ချမှတ်ပေးထားသည့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် စွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်း သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာရောင်းချ

ရန်ကုန် ဧပြီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ယမန်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လည်းကောင်း **(ယာပုံ)**၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်း ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အဝတ်အထည် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ် မွေးမြူရေးနှင့်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီး M.M.G Jetty၊ ပုဂ္ဂလိက မွေးမြူရေးနှင့် ရေလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ကြက်ဥ၊ကြက်သား၊ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ အလှုပန်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက် ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့်လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများဖွင့်လှစ်ရောင်းချခဲ့သည့် သက်တမ်းကာလကြာမြင့်လာသည့်နှင့်အမျှ ဈေးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက် မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန်၊ တာဝန်ရှိသူများက အလေးချိန်ခွင်မှန်ကန်စေရေးအတွက် ကြပ်မတ်ကြရန်နှင့် ဈေးရောင်းသူများကလည်း သန့်ရှင်း လတ်ဆတ်သည့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာရောင်းချကြရန် မှာကြားပြီး ဈေးရောင်းသူ၊ ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ နံနက်၇နာရီတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ခါသကြီ်န်အဆိုအကများ
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ ခါသကြီ်န်အဆိုအကများ
၄း၂၅ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀ ၉။ ခါသကြီ်န်အဆိုအကများ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတ
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၁၇)

ပန်းဘဲတန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဧပြီ ၂

ပန်းဘဲတန်းမြို့နယ် စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို မတ် ၃၀ရက် မွန်းလွဲပိုင်းက မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဈေးမိ ဈေးဖများ တက်ရောက်ကြပြီး ၂၀၀၅ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် အကြီးတန်းအောင် သံဃာခုနစ်ပါး၊ အလယ်တန်းအောင် သံဃာ ၁၁ပါး၊ အငယ်တန်းအောင် သံဃာခုနစ်ပါးတို့အား စူဠဘွဲ့နှင်းသဘင်နှင့် မူလတန်းမှ ပထမကြီးတန်းအထိ ဆက်တိုက်အောင်မြင်၍ ပထမကြီးတန်းတွင် တစ်နိုင်ငံလုံး ပထမဆုရရှိသည့် ပထမကျော် လူပုဂ္ဂိုလ်အမျိုးသမီးဒေါ်ဝင်းဝင်းမော်အား ဂုဏ်ပြုပွဲအတွက် ဆွေးနွေးညှိနှိုင်းကြသည်။ စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် ပထမကျော် ဒေါ်ဝင်းဝင်းမော်အား ဂုဏ်ပြုပွဲကို ဧပြီ ၁၉ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်ဟု သိရသည်။ (၃၅၂)

ကျေးလက်ဖွံ့ဖြိုးရေးနှင့် မြေသယံဇာတ

'တိုင်းအခြေ ပြည့်အမြစ်'ဟု ဆိုအပ်သည့် ကျေးလက်သည် နိုင်ငံ၏ စီးပွားရေး၊လူမှုရေးရာ အဖြာဖြာတွင် ပဓာနကျစွာ တည်ရှိပေသည်။ လယ်ယာမြေကို အခြေခံသည့် ကျေးလက်ဖွံ့ဖြိုးသာယာမှုသည် မြို့ပြနိုင်ငံအထိ ခရီးပေါက်ပေရာ နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိခြင်း ဖြစ်၏။ သို့ဖြစ်၍ တစ်ချိန်က စိတ်ကူးပုံရိပ်မျှသာ ဖြစ်သော အကြောင်းအရာများသည် ယခုအခါ လက်တွေ့အားဖြင့် အထင်အရှားပေါ်လွင်ပေသည်။ ခေတ်ကိုကြိုမြင်ကြိုတွေးတတ်သော ပညာရှင်များကလည်း တင်ပြမှုများ ရှိခဲ့၏။

နန်းတော်ရှေ့ဆရာတင် (၁၈၉၄–၁၉၄၉)သည် မြန်မာ့ဂီတစာပေပြုစာဆိုလောကတွင် ထင်ရှား၏။ ခေတ်ကိုကြိုမြင်၏။ ကောင်းစားစေလိုသည့် စေတနာအပြည့်ရှိ၏။ ဆရာတင်၏လက်ရာများသည် စွဲမက်လောက်ပေရာ ကျေးရွာဝါဒ သီချင်းလည်းပါဝင်၏။ သီချင်းတစ်နေရာတွင် **"ကျုပ်နှမများကို ဖိတ်ကြားချင်ပါတယ်ဗျာ။ တိမ်ဝါရောင် တိမ်တောင်တွေ စိမ်းစိမ်းစိုလို့တို့ရွာ၊ ခုများတော့ မြို့ကြီးလို ဓာတ်မီးရောင်စုံ၊ ကုသိုလ်ဖြစ်ဆေးရုံ ပွဲနဲ့လမ်းနဲ့သာသာယာယာ၊ စာသင်ကျောင်းတွေနဲ့ ရေးကနဲ့မတူပါ။ ကျေးရွာဝါဒမှာ ပြောင်းလဲလိုက်ကြလို့ပါဗျာ–––။ ပြုပြင်ရေးလုပ်တဲ့ရွာ အမျိုးသားအတွက် တကယ့်လူတွေပါ့"** ဟူ၍ ပါရှိပေသည်။

လွန်ခဲ့သည့် ဆယ်စုနှစ် ခုနစ်ခုလောက်က လက်ရာဖြစ်ပါသည်။ သို့ရာတွင် ထိုစဉ်က ယခင်အခြေအနေမျိုးမဟုတ်ခဲ့။ ယခုမှ ခေတ်သစ်လူမှုလောကနှင့်အတူ တိုးတက်လာခြင်းဖြစ်၏။ ရွာတိုင်းတွင် မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်းတွေ ရှိနေ၏။ ဆေးပေးခန်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ တည်ထောင်ပြီးဖြစ်၏။ စီးပွားရေးအရ အဆင်ပြေသကဲ့သို့ စည်ပင်မှုတွေ ပြည့်ဝပေ၏။ ယင်းသို့ ဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းအရာများစွာတွင် မြေသယံဇာတ အသုံးချနိုင်မှုရလဒ်ကြောင့်ဟု ဆိုချင်ပါသည်။ သဘာဝအရင်းအမြစ်ကို အလေးထားသည့် အချက်တစ်ရပ်သည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပဓာနကျစွာ ပါဝင်လျက်ရှိကြောင်း တွေ့မြင်နိုင်ပေသည်။

မြေသယံဇာတကို အကြောင်းပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြစ်သည်။ လူသားတို့၏စွမ်းပကားကို အသုံးချရင်း ခေတ်မီစိုက်ပျိုးရေးကို ချဉ်းကပ်ရပေသည်။ စိတ်ဝင်စားမိသော ကိန်းဂဏန်းတစ်စိတ်တစ်ဒေသရှိသည်။ နိုင်ငံတော်၏ အစီအမံလည်း ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံ ၁၈၄ ခုကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၂၀၆၀၀ ကျော် ကျခံသုံးစွဲလျက် တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၂ဒသမ၄သန်းကျော်ကို အကျိုးပြုနိုင်ခဲ့သည်။ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် မြစ်ရေတင် စီမံကိန်းများ အကွက်ချ တည်ထောင်ပေးသဖြင့် နိုင်ငံအနှံ့ မြစ်ရေတင်စီမံကိန်း ၂၉၃ ခု ဖြစ်ထွန်းပြီး လယ်မြေဧကလေးသိန်းခန့်ကို အကျိုးပြုနိုင်သည်။ ယခုဆိုလျှင် မြေသယံဇာတကို အသုံးပြုလျက် သီးထပ်သီးညှပ်တွေ ဝေဆာနေသည်။ မြေလွတ်မြေရိုင်းပလပ်မြေ၊ ရေနက်ကွင်းတွေ ဖော်ထုတ်သည်။ စိုက်ပျိုးရေးနည်းပညာ စွမ်းပကားကြောင့် အကျိုးဆက်ကောင်းတွေ ဖော်ဆောင်နိုင်သည်မှာ အထင်အရှားဖြစ်သည်။

တကယ်တော့ ၂၁ ရာစုတွင် သူ့ထက်ငါကောင်း အပြိုင်အဆိုင်လုပ်ငန်းတွေများပြားလှသည်။ မြေယာစနစ် စီမံခန့်ခွဲမှု၌ နောက်ကျကျန်ရစ်မှုမရှိအောင် အားထုတ်ရသည်။ သို့မှသာ တစ်ဆက်တစ်စပ်တည်းသော လူမှုဖွံ့ဖြိုးရေးတာဝန်ကို ကျေပွန်စွာ ဖော်ဆောင်ရာ ရောက်ပေသည်။

သို့ရာတွင် ကမ္ဘာနှင့်အဝန်း သတိထား၍ လုပ်ကိုင်ရသောအချက်များရှိပါသည်။ ရာစုနှစ်များစွာချီ၍ မြေသယံဇာတကို အကန့်အသတ်မရှိ သုံးစွဲလျှင် ဂေဟဗေဒယိုယွင်းမှု ဖြစ်နိုင်သည်။ သို့ဖြစ်၍ မြေသယံဇာတအပါအဝင် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် အသုံးချရာ၌ စီးပွားရေး၊ လူမှုရေးသာမကဘဲ ဂေဟဗေဒစနစ်ကိုပါ ထည့်သွင်းစဉ်းစားလာကြခြင်း ဖြစ်ပေသည်။

ပကတိအနေအထားတွင် အစဉ်သဖြင့် တိုးတက်လျက်ရှိသော လူဦးရေအတွက် စီးပွားရေးအရင်းခံကျမှုကို ဖြည့်ဆည်းရသည်။ မြေယာသည် အဓိကကျသော လိုအပ်ချက်ဖြစ်ပေသည်။ သတိထားစရာရှိသည်မှာ မြေယာသည် အခြားသော ပစ္စည်းများကဲ့သို့ တိုးပွားလာသည်မဟုတ်ပေရာ တစ်နေ့တခြား အရေးပါလာခြင်း ဖြစ်သည်။ သို့ဖြစ်၍ မဆင်မခြင်မသုံးမိဖို့ လိုအပ်ပြန်သည်။

ညွန့်ဟံ (ကြူတော)

ပညာရှင်များ၏ သုတေသနပြုချက်အရ လူတို့သည် ရာစုနှစ်ပေါင်းများစွာ မြေယာကို မဆင်မခြင် အသုံးပြုမှုကြောင့် မြေကမ္ဘာ၏အရည်အသွေးနိမ့်ကျခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေထိန်းသိမ်းနိုင်မှု စွမ်းရည်ကျဆင်းခြင်း၊ ဘိုင်အိုမတ်စ်(Bio˚mass)များ ဆုံးရှုံးခြင်း၊ အပင်နှင့်တိရစ္ဆာန်များ သေဆုံးခြောက်သွေ့သဖြင့် ကျန်ရှိသော ရုပ်ကြွင်းအပင်နှင့်သတ္တဗေဒလောကမှ မျိုးစိတ်များ ဆုံးရှုံးခြင်း၊ မြေဆီဩဇာဓာတ်ဆုံးရှုံးခြင်း၊ မြေထုညစ်ညမ်းခြင်းနှင့် အခြားပြဿနာများစွာ ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဆိုပါသည်။

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအား ဦးစားပေးခြင်းကို ကျယ်ကျယ်လောင်လောင် ပြောဆိုမှုများ ရှိလာသည်။ လက်ရှိမျိုးဆက်နှင့် အနာဂတ်မျိုးဆက်များအတွက် ဆက်စပ်ပေးသည့် မြေယာစနစ်၊ မြေသယံဇာတအသုံးချမှု၊ ဂေဟဗေဒသဘောတရား ပေါင်းစပ်ရမည့်နည်းပညာရပ် စသည်တို့ကို ဖော်ဆောင်ရမည့်အဖြေ ရှာကြံလာပေသည်။

လက်ရှိနှင့် အနာဂတ်အကျိုးအတွက် သဟဇာတဖြစ်အောင် ပေါင်းစပ်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှု၊ သယံဇာတစီမံဆောင်ရွက်မှု၊ မြေယာစီမံဆောင်ရွက်မှု ရေရှည်တည်တံ့သည့်စိုက်ပျိုးရေးစနစ်၊ မြေဆီလွှာစီမံဆောင်ရွက်မှုတို့ အချိုးညီညွတ်ဖို့လိုကြောင်း တွေ့ရပေသည်။

မြေသယံဇာတ အသုံးချမှုနှင့်အတူ လူမှုရေး၊ စီးပွားရေးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို ဖန်တီးပေးနိုင်သည့် ရေရှည်အကျိုးဆက်ထွန်းကား စေမှုသည် ပဓာနကျပါသည်။ စားနပ်ရိက္ခာဖူလုံစေခြင်း၊ ဝင်ငွေတိုးခြင်း၊ ပတ်ဝန်းကျင် အလှအပချို့တဲ့မှု မရှိခြင်းတို့ကို တည်ဆောက်ခြင်းလည်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများစွာတွင် မြေယာအသုံးချမှုအတွက် အခက်အခဲများစွာ တွေ့နေရသည်။ အယူအဆမျိုးစုံလည်း ထွက်ပေါ်နေပြီး အဖြေရှာနေရသည်။ သုတေသနပြုမှု ရှုထောင့်အဖုံဖုံက စဉ်းစားကြရသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများတွင် သဟဇာတဖြစ်နေသည်။ တိုးတက်လျက်ရှိသော လူဦးရေ၊ လိုအပ်သောစိုက်ပျိုးရေး ထုတ်ကုန်တို့မှာ အခက်အခဲမရှိ၊ ကျေးလက်များတွင် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်မှုကြောင့် ပြည့်ဝမ်းစာ၊ ပြည့်ဘဏ္ဍာကို ဖြည့်ဆည်းနိုင်သည်။ စိမ်းစိုသော လယ်ယာဝန်းကျင်နှင့် စိုပြည်သော လူမှုဝန်းကျင်ကို တည်ဆောက်နိုင်သည်။

ဆိုခဲ့သည့်အတိုင်း ကျေးလက်စီးပွားရေး၏ အခြေခံမြေသယံဇာတ အသုံးချခွင့်ကို နိုင်ငံတော်က ဖြည့်ဆည်းပေးခြင်း၊ လိုအပ်သောနည်းမှန်လမ်းမှန်ကို တည့်မတ်ပေးခြင်းတို့ကြောင့် သဘာဝအရင်းအမြစ်များ ထိခိုက်မှုမရှိသည့်အပြင် ရေရှည်မျှော်မှန်းချက်၊ အနာဂတ်ဖွံ့ဖြိုးမှုအတွက်ပါ အားတက်စရာဖြစ်ရပေသည်။

ယခုဆိုလျှင် ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုက ကွာဟလှသည်မဟုတ်ပေ။ ခေတ်သစ်စက်မှုနည်းပညာ အသုံးချပညာရပ်နှင့်အတူ ကွဲပြားခြားနားမှုမရှိလှ။

ကျောင်းသင်ပညာရေးတွင် ပြည့်စုံလာသကဲ့သို့ ကျန်းမာရေးအထောက်အကူလုပ်ငန်းတွင် အားတက်စရာတွေ့ရှိလာသည်။ ဆက်သွယ်ရေးနှင့် သွားလာပို့ဆောင်ရေးတွင် အလှမ်းမကွာတော့သကဲ့သို့ သတင်းမီဒီယာတွေက အလျဉ်မပြတ်ရှိလာသည်။ ပြန်ကြားရေး၊ ဖြေဖျော်ရေး၊ ပညာပေးရေးလုပ်ငန်းများကလည်း နိုင်ငံတစ်နံတစ်လျား ပျံ့နှံ့လွယ်ပေပြီ။ ကျေးလက်မြင်ကွင်းသည် ယခင်နှင့် ယခုမတူတော့ဟု ဧကန်ဆိုချင်သည်။

စာရေးသူသည် ကျေးလက်တွင် မွေးဖွားခဲ့သည့်အလျောက် ကျေးလက်သဘောနှင့် စီးပွားလူမှုနယ်ပယ်အကြောင်းကို မျက်ခြည်မပြတ် လေ့လာလျက်ရှိသည်။ ကျေးလက်ဒေသများကို ရောက်ခွင့်ကြုံသကဲ့သို့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းတစ်နိုင်တစ်မ ပါဝင်ခဲ့သည်။ ကျေးလက်ဖွံ့ဖြိုးမှု နယ်ပယ်သည် ဘက်စုံအခင်းအကျင်းဖြင့် ကျယ်ပြန့်လာသည်ဟု အခိုင်အမာ ပြောလိုပါ၏။ ဖွံ့ဖြိုးမှု၏ အကြောင်းရင်းများတွင် မြေသယံဇာတ၏အရင်းခံကျမှုနှင့် နည်းလမ်းမှန်ကန်မှုများကြောင့်ဟု ဆိုချင်ပါသည်။ ။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေယာစီမံ ခန့်ခွဲမှု လုပ်ငန်းများတွင် သဟဇာတဖြစ်နေသည်။ တိုးတက်လျက်ရှိသော လူဦးရေ၊ လိုအပ်သောစိုက်ပျိုးရေး ထုတ်ကုန်တို့မှာ အခက်အခဲမရှိ၊ ကျေးလက်များတွင် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်မှုကြောင့် ပြည့်ဝမ်းစာ၊ ပြည့်ဘဏ္ဍာကို ဖြည့်ဆည်း နိုင်သည်။ စိမ်းစိုသော လယ်ယာဝန်းကျင်နှင့် စိုပြည်သော လူမှုဝန်းကျင်ကို တည်ဆောက်နိုင်သည်။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇း၀၀ နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက် ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းမပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြို့ မြောက်ဥက္ကလာပ ပုပ္ပားဥ(၃)ကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက အစိုးရဓမ္မာစရိယ ရေဦးဆရာတော်ဦးနန္ဒာသီရိအရှင်သူမြတ်သည် ဧပြီ၁ရက်မှ ၁၇ရက်အထိ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၆)၌လည်းကောင်း၊ ဧပြီ၂၁ ရက်မှ ၂၅ရက်အထိ ရှားတောကျောင်း ဘန်ဘွေးကုန်းရွာ မြန်အောင်မြို့၌ လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၃၁ ရက်က တာမွေကြီး (က–ဂ) ရပ်ကွက် အမက(၃၄)တွင် ကျင်းပရာ ရပ်ကွက် စည်းရုံးရေးမှူး ဦးသိန်းဇံက သင်တန်းထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (က–ပ)

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ဗိုလ်တထောင်မြို့နယ် အမှတ်(၃) ရပ်ကွက် စန္ဒာကူးရန့် စာကြည့်တိုက်၌ မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ်ပြန်/ဆက်)

နျူကလီးယားစာချုပ်သည် လက်နက်အပြိုင်အဆိုင်တပ်ဆင်ရန်မဟုတ် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရှရမ်ဆရမ် ပြောကြား

ဝါရှင်တန် ဧပြီ ၂

အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ချုပ်ဆိုထားသော နျူကလီးယားစာချုပ်သည် နျူကလီးယားလက်နက် ထုတ်လုပ်ရန်အတွက် မဟုတ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက မတ် ၃၀ ရက်တွင် ပြောကြားလိုက်သည်။



အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရှရမ်ဆရမ်

အိန္ဒိယနိုင်ငံ၏ နျူကလီးယား ကိစ္စများတွင် ကန့်သတ်ချက်နှင့် တာဝန်ယူမှုရှိထားပြီး ဖြစ်ကြောင်း ဝါရှင်တန်၌ ပြုလုပ်သည့် အစည်းအဝေးတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရှရမ်ဆရမ်က ပြောကြားလိုက်သည်။

ယင်းစာချုပ်ဖြင့် အိန္ဒိယက အမေရိကန် နျူကလီးယားနည်းပညာကို ချဉ်းကပ်လျက်ရှိရာ အမေရိကန်ကွန်ဂရက်က ယင်းကိစ္စကို အတည်ပြုရန် ရှိနေဆဲဖြစ်သည်။

ပြန်လည်သုံးသပ်

အိန္ဒိယနိုင်ငံက ၁၉၇၄ ခုနှစ်က နျူကလီးယားလက်နက်စမ်းသပ်ခဲ့ပြီးနောက် နျူကလီးယားပူးပေါင်းဆောင်ရွက်ရေး တင်းကျပ်မှုများကို အမေရိကန်မူဝါဒအရ ပြန်လည်သုံးသပ်ခဲ့သည်။

ယင်းသဘောတူညီချက်ကိုမတ်လဆန်းက အမေရိကန် သမ္မတဂျော့ဂျ် ဒဗလျူဘုရှ် အိန္ဒိယနိုင်ငံသို့ သွားရောက် လည်ပတ်စဉ်အတွင်း သဘောတူညီခဲ့ခြင်းဖြစ်သည်။

စစ်ဆေး

စာချုပ်အရ အိန္ဒိယနိုင်ငံက အမေရိကန်နိုင်ငံ၏ နျူကလီးယား နည်းပညာကို ရယူပြီး အိန္ဒိယနိုင်ငံ၏ နျူကလီးယား အဆောက်အအုံများကို စစ်ဆေးခွင့်ပြုရန်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ နျူကလီးယားနည်းပညာများ အိန္ဒိယနိုင်ငံက အမေရိကန်ထံမှ ရယူရန် ချဉ်းကပ်သည့်စာချုပ်သည် တောင်အာရှဒေသတွင် လက်နက်အပြိုင်အဆိုင် တပ်ဆင်ရန် မဟုတ်ကြောင်းဖြင့်လည်း မစ္စတာရှရမ်ဆရမ်က ပြောကြားလိုက်သည်။

ယင်းစာချုပ်သည် အမေရိကန်ကွန်ဂရက်ကို ခက်ခဲစွာ ကျော်ဖြတ်ရဖွယ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံသည် နျူကလီးယား မပြန့်ပွားရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် နိုင်ငံမဟုတ်ကြောင်း သတင်းထောက်များအား ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်၌ အမှားထောင်ချီ၍ ကန်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားဝန်ကြီး ရိုက်စ် ဝန်ခံပြောကြား

လီဗာပူး ဧပြီ ၂

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် သောကြာနေ့က အီရတ်နိုင်ငံတွင် အမေရိကန် ပြည်ထောင်စုသည် ထောင်ချီ၍ အမှားများကို လုပ်ဆောင်ခဲ့ကြောင်း၊ သို့သော် အီရတ်သမ္မတကို ဖယ်ရှားခြင်းဖြင့် ယေဘုယျမဟာဗျူဟာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

လီဗာပူးမြို့အနီးရှိ ဂျက်စထရော့၏ မွေးရပ်ဇာတိ ဘလက်ဘန်းသို့ သွားရောက်စဉ် အမေရိကန်နိုင်ငံခြားရေးမူဝါဒကို ဒေါသထွက်နေသော ပြည်သူများက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ကွန်ဒိုလီဇာရိုက်စ် တက်ရောက်သည့် ညနေခင်းကပွဲ ကျင်းပသည့် လီဗာပူးမြို့ရှိ ပြဇာတ်ရုံတွင် စစ်ဆန့်ကျင်ရေးဝါဒီ ၁၅၀၀က စောင့်ဆိုင်းကန့်ကွက်ခဲ့သကဲ့သို့ ဘလက်ဘန်းမြို့ရှိ ကျောင်းတစ်ကျောင်း၏ အပြင်ဘက်တွင်လည်း ကန့်ကွက်ဆန္ဒပြသူ ၂၅၀ စုဝေးရောက်ရှိခဲ့ကြသည်။

၎င်းတို့သည် ဆိုင်းဘုတ်များကို မြှောက်ကာ“**အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြန်သွား**”ဟူသော ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။

အော်ဟစ်ကြွေးကြော်

ရေနံပေါကြွယ်ဝသော အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားခြင်းကို ရည်ညွှန်း၍ ဆန္ဒပြသူတစ်ဦးက **“ရေနံတစ်ဂါလန်မှာ အသက်ပေါင်း ဘယ်လောက်ရှိသလဲ”** ဟု အော်ဟစ်ကြွေးကြော်ခဲ့သည်။

အပြန်အလှန်

၂၀၀၅ခုနှစ် အောက်တိုဘာလက အမေရိကန်နိုင်ငံသို့ စထရော့အလည်လာခဲ့ပြီးနောက် ကွန်ဒိုလီဇာရိုက်စ်သည် အပြန်အလှန် ခရီးစဉ်အဖြစ် အင်္ဂလန်သို့လာရောက်ခဲ့ခြင်းဖြစ်သည်။

အမှားများပြုလုပ်ခဲ့

အမေရိကန်ဦးဆောင်သော တပ်များ ၂၀၀၃ခုနှစ်က အီရတ်ကို ကျူးကျော်တိုက်ခိုက်ကတည်းကစ၍ သင်ခန်းစာများရရှိခဲ့ခြင်းရှိမရှိဆိုသော မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် အမေရိကန်သည် ပရိယာယ်ဆင်ထားသည့်ထောင်ချီ၍ အမှားများကို ပြုလုပ်ခဲ့သည်ဟု မိမိယုံကြည် နားလည်ထားကြောင်း မိန့်ခွန်းပြောစဉ် လီဇာရိုက်စ်က ထည့်သွင်းပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

မလေးရှားစီးပွားရေးနှင့်လူမှုရေးတိုးတက်ရန် ဒေါ်လာ ၅၉ဘီလီယံ ကျခံသုံးစွဲမည်

ကွာလာလမ်ပူ ဧပြီ ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ဆင်ခြေဖုံး၌ အဆောက်အအုံများ တိုးတက် တည်ဆောက်လျက် ရှိသည်။

မလေးရှားနိုင်ငံသည် လာမည့် ငါးနှစ်တာကာလအတွင်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျင်မြန်စွာဖြစ်ပေါ်လာရန် အတွက် မလေးရှားအစိုးရက ရင်းဂစ် ၂၂၀ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံ) ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း မတ် ၃၁ရက်၌ ပြောကြားလိုက်သည်။

ယင်းစီမံကိန်းသည် မလေးရှားလူမျိုးအများစုကို တိုးတက်ကြီးပွားရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဟောင်ကောင်ရှိဈေးများ၌ ပလတ်စတစ်အိတ်များဖြန့်ဖြူးမှု လျှော့ချရန်ဆောင်ရွက်မည်

ဟောင်ကောင် ဧပြီ ၂

ဟောင်ကောင်အဆင့်မြင့်ဈေးကြီးသည် ဈေးဝယ်ပလတ်စတစ်အိတ်များ ဖြန့်ဖြူးမှုကို လျှော့ချရန် ဆုံးဖြတ်ထားကြောင်း ဟောင်ကောင်ရှိ အဆိုပါဈေးကြီး၌မတ်၃၀ရက်ကကြေညာသည်။

ယခုပလတ်စတစ်အိတ်များ ဈေးများ၌ ဖြန့်ဖြူးရောင်းချမှုကို လျှော့ချရန် သဘောတူညီမှုသည် တတိယအကြိမ်မြောက် ဖြစ်ပြီး ဖေဖော်ဝါရီနှင့် မတ်လကလည်း အလားတူ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တစ်နှစ်လျှင် အနည်းဆုံး ၁၅ ရာခိုင်နှုန်း ပလတ်စတစ်အိတ်များ ထုတ်လုပ် ဖြန့်ဖြူးမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ်အရင်းမြစ်များ တပ်ဦးက ကတိပြုလိုက်သည်။

ဟောင်ကောင်ရှိ အဓိကဈေးကြီးသုံးဈေးတွင် တစ်နှစ်လျှင် ပလတ်စတစ်အိတ် သန်း ၉၀ ဖြန့်ဖြူးရောင်းချမှု လျှော့ချသွားမည်ဖြစ်ကြောင်း ဟောင်ကောင် ပတ်ဝန်းကျင်ဆိုင်ရာ အမြဲတမ်း အတွင်းရေးမှူး ကိကေဝုခ်က ပြောကြားသည်။

မိမိတို့အနေဖြင့် အခြားသော ဈေးကြီးများနှင့် လက်ကားဈေးကြီးများသို့လည်း ယင်းကဲ့သို့ စေတနာအလျောက် ပလတ်စတစ်အိတ်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းကို လျှော့ချသွားရန် တိုက်တွန်းလိုက်ကြောင်း ကိကေဝုခ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ဟိုင်ဗန်း မြေအောက်ဥမင်ရထားလမ်း တည်ဆောက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးက စစ်ဆေးနေသည်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဂိုလာသီးနှံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေး အစ္စရေးကုမ္ပဏီမှ ခေတ်မီနည်းပညာအသုံးပြု

လူအန်ဒါ ဧပြီ ၂

၂၇ နှစ်ကြာ ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် စားနပ်ရိက္ခာအများစုကို ပြည်ပမှ မှာယူတင်သွင်းနေရသော အင်ဂိုလာနိုင်ငံတွင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် အစ္စရေးကုမ္ပဏီတစ်ခုမှ နောက်ဆုံးပေါ် ရေချွေတာရေးနည်းပညာကို အသုံးချလျက်ရှိသည်။

၂၀၀၂ ခုနှစ်တွင် အင်ဂိုလာပြည်တွင်းစစ်အပြီး ထူထောင်သည့် တာရာဗာဒီကုမ္ပဏီသည် လူအန်ဒါမြို့တော် အပြင်ဘက်မှ ၄၅ ဟက်တာကျယ်သည့် စိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ ခရမ်းချဉ်သီး၊ ငရုတ်ကောင်း၊ သခွားသီး၊ သရက်သီး၊ ဖရဲသီးနှင့် စပျစ်သီးများကို သုံးနှစ်ကြာ စိုက်ပျိုးဖြစ်ထွန်းခဲ့သည်။

၎င်းစိုက်ပျိုးရေးကုမ္ပဏီက လူအန်ဒါမြို့တော်ရှိ စားသောက်ဆိုင်များနှင့် စူပါမားကက်များသို့ ရိက္ခာအများစု ရောင်းချလျက်ရှိပြီး တစ်နှစ်ပတ်လုံး ရက်သတ္တပတ်လျှင် ဟင်းသီးဟင်းရွက် ၃၅ တန် ထုတ်လုပ်ပေးသည်။

ပြည်တွင်းစစ်အတွင်းက အင်ဂိုလာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ပျက်သုဉ်းခဲ့ရသည်။ တံတားများကိုဖျက်၊ ရထားလမ်း၊ ကားလမ်းများတွင် မိုင်းထောင်သဖြင့် ဒေသထွက် စားနပ်ရိက္ခာများကို လိုအပ်သည့်နေရာသို့ ပြည်တွင်းစစ်အတွင်းက မပေးပို့နိုင်ခဲ့ပေ။

တာရာဗာဒီကုမ္ပဏီသည် အင်ဂိုလာနှင့် အစ္စရေးတို့၏ ဖက်စပ်လုပ်ငန်းဖြစ်ပြီး အင်ဂိုလာနိုင်ငံတွင် ယခုအခါ ခေတ်မီနည်းပညာများအသုံးပြုလျက် စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ **(အင်တာနက်)**

ရွှေလည်ဆွဲပြသ

ဂျော်ဒန်နိုင်ငံ အာမန်မြို့တွင် ကျင်းပခဲ့သည့် သတို့သမီး မင်္ဂလာ အခမ်းအနားပစ္စည်းများပြပွဲတွင် မော်ဒယ်တစ်ဦး ရွှေလည်ဆွဲအား ပြသနေသည်ကို မတ် ၃၀ရက်က တွေ့ရစဉ်။

(ယင်းပြပွဲသို့ အာရပ်နိုင်ငံများမှ စိတ်ပါဝင်စားသူ ၅၀ ကျော်လာရောက်၍ ၎င်းတို့၏ သတို့သမီး မင်္ဂလာအခမ်းအနားပစ္စည်းများကို ပြသခဲ့ပြီး ပြပွဲကို မတ်၃၀ရက်မှ ဧပြီ ၁ရက်နေ့အထိ ကျင်းပခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီသီယိုးပီးယား၌ တွေ့ရှိခဲ့သည့် ဦးခေါင်းခွံ လူသားဖြစ်စဉ်တွင် အရေးပါသည့် အထောက်အထားဖြစ်

အဒစ်အဘာဘာ ဧပြီ ၂

အီသီယိုးပီးယားနိုင်ငံ၌ တွေ့ရှိသည့် ဦးခေါင်းခွံက လူသားမျိုးနွယ်၏ အစကို သုတေသနပြုရှာဖွေရာတွင် လိုအပ်နေသောကွက်လပ်ကို ဖြည့်ပေးနိုင်ကြောင်းဖြင့် သိပ္ပံပညာရှင်တစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

တူးဖော်တွေ့ရှိ

အီသီယိုးပီးယားနိုင်ငံ မြို့တော် အဒစ်အဘာဘာ အရှေ့တောင်ဘက် မိုင် ၃၀၀ခန့်အကွာ ဂါဝစ်မြို့အနီး တူးဖော်တွေ့ရှိသည့် ဦးခေါင်းခွံမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀၀၀မှ ၅၀၀၀၀၀ခန့်ဟု ခန့်မှန်းရသည်။ ဤဦးခေါင်းခွံမှာ စောစောပိုင်း လူသားမျိုးနွယ်နှင့် ခေတ်လူတို့အကြားမှ အလယ်ဆင့် လူသားဦးခေါင်းခွံဖြစ်ပုံရကြောင်း အင်ဒီယာနာ တက္ကသိုလ် ကျောက်ခေတ်သိပ္ပံဌာနမှ အီသီယိုးပီးယားသုတေသန သိပ္ပံပညာရှင် ဆီကက်ရှီက အဒစ်အဘာဘာမြို့ သတင်းစာရှင်းပွဲတွင် ပြောကြားလိုက်သည်။ အဆိုပါ ဦးခေါင်းခွံကို အဒစ်အဘာဘာမြို့တော် အရှေ့တောင်ဘက် အဖားဒေသရှိ ဂါဝီမြစ်ဝှမ်း ရေမြောင်းတစ်ခုအတွင်းမှ လွန်ခဲ့သည့် နှစ်လက တူးဖော်တွေ့ရှိရခြင်း ဖြစ်သည်။

အရေးပါသော ရှေးဟောင်း သုတေသနပစ္စည်းများ ဖြစ်ကြသည့် ကျောက်လက်နက်ကိရိယာများနှင့် တိရစ္ဆာန်ကျောက်ဖြစ်ရုပ်ကြွင်း အချို့ကိုလည်း ဂါဝစ်မြို့မှ တွေ့ရှိသည်။

စိတ်ဝင်စားဖွယ်

ဤတွေ့ရှိချက်က ခေတ်သစ် လူသားအဖြစ် ပြောင်းလဲတိုးတက်လာမှုတွင် စိတ်ဝင်စားစရာကောင်းပြီး အရေးပါသောခေတ်၏ ပြတင်းတံခါးကို ဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း ဆီကက်ရှီက ပြောကြားလိုက်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀အတွင်းတွင် အီသီယိုးပီးယားနိုင်ငံမှာ ရှေးဟောင်းသုတေသနပညာရှင်များ ခြေချင်းလိမ်နေသည့် နေရာဖြစ်ခဲ့သည်။

ဂါဝစ်မြို့အနီးတွင် ဟာဒါမြို့ရှိပြီး ဟာဒါမှ သက်တမ်းအားဖြင့် ၃ဒသမ ၂သန်းရှိပြီဖြစ်သည်။ လူစီရုပ်ကြွင်းကို အမေရိကန်သိပ္ပံပညာရှင် ဒေါ်နယ်ဂျွန်ဆန်က ၁၉၇၄ခုနှစ်တွင် တွေ့ရှိခဲ့သည်။ ယင်းမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရှေးဟောင်းသုတေသန တွေ့ရှိချက်တစ်ခုအဖြစ် သိပ္ပံပညာရှင်များက ဖော်ပြကြသည်။

လူစီသည် အီသီယိုးပီးယားနိုင်ငံ၏ ကမ္ဘာက ချီးကျူးထောမနာ ပြုရသော ရှေးဟောင်းသုတေသန တွေ့ရှိချက်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိလာကြ

ပေကျင်း ဧပြီ ၂

ဂျပန်နိုင်ငံမှ ဂျပန်-တရုတ် ချစ်ကြည်ရေးအဖွဲ့ ခုနစ်ဖွဲ့၏ ခေါင်းဆောင်များသည် တရုတ်နိုင်ငံသို့ ပထမဆုံးပူးပေါင်း အလည်အပတ်ခရီးအဖြစ် မတ် ၂၉ ရက်က ပေကျင်းမြို့သို့ ရောက်ရှိလာခဲ့သည်။

တရုတ်သမ္မတဟူကျင်တောင်နှင့် ဂျပန်ချစ်ကြည်ရေးကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

တရုတ် ခေါင်းဆောင်များက ဂျပန်ဧည့်သည်များအား လက်ခံ တွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံခြားဝန်ကြီးဌာန၏ သတင်းများအရ သိရှိရသည်။

အမြင်ချင်းဖလှယ်

တရုတ်နိုင်ငံတွင် သုံးရက်ကြာနေထိုင်စဉ်အတွင်း ၎င်းတို့သည် အစိုးရမဟုတ်သည့် အဖွဲ့များမည်သို့ အပြန်အလှန် လည်ပတ်မှု တိုးတက်ရေးနှင့် အပြန်အလှန်ချစ်ကြည်ရင်းနှီးရေးကြီးထွားမှုကို မည်သို့မြှင့်တင်နိုင်ရေးများနှင့် ပတ်သက်သည့်ကိစ္စရပ်များအား တရုတ်နိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကြီးကြပ်သူများနှင့် အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။

ကုန်သွယ်မှုမြှင့်တင်ရေး

အဖွဲ့အစည်းခုနစ်ခုမှာ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေး ဂျပန်ကောင်စီ၊ တရုတ်-ဂျပန် ချစ်ကြည်ရင်းနှီးရေးအဖွဲ့ချုပ်၊ ဂျပန်-တရုတ် ချစ်ကြည်ရေးအသင်း၊ ဂျပန်-တရုတ် ယဉ်ကျေးမှုဖလှယ်ရေးအသင်း၊ ဂျပန်-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးအသင်း၊ ဂျပန်-တရုတ် လူမှုရေးအဖွဲ့နှင့် ဂျပန်-တရုတ် ချစ်ကြည်ရင်းနှီးမှုဗဟိုအဖွဲ့တို့ဖြစ်ကြသည်။

ဂျပန်ကိုယ်စားလှယ် အဖွဲ့များတွင် ယခင်ဝန်ကြီးချုပ် ရူတာရိုဟာရှိမိုတိုနှင့် ယခင်နိုင်ငံခြားရေးဝန်ကြီး မာဆာဟီကိုကိုမူရာတို့လည်း ပါဝင်သည်။

၎င်းတို့အဖွဲ့သည် တရုတ်-ဂျပန် ချစ်ကြည်ရင်းနှီးမှုအသင်း၏ ဧည့်သည်တော်များအဖြစ် အလည်အပတ်ရောက်ရှိခဲ့ကြခြင်း ဖြစ်သည်။

နားလည်မှုနှင့်ယုံကြည်မှု

မိမိတို့သည် ပြည်သူလူထုချင်း အပြန်အလှန်လည်ပတ်ရေးနှင့် အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုတိုးမြှင့်သင့်ကြောင်း ဆယ်ကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက်၏ လေးကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ အလည်ပတ်ခရီးစဉ်တွင် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဂျပန်နိုင်ငံအခြေစိုက် ဂျပန်-တရုတ် ချစ်ကြည်ရေးအဖွဲ့သည် နှစ်နိုင်ငံအကြား ရင်းနှီးခင်မင်မှုကို မြှင့်တင်ရာတွင် မဏ္ဍိုင်တစ်ခု ဖြစ်ကြောင်း မတ် ၃၁ ရက်က လက်ခံတွေ့ဆုံရာတွင် တရုတ်သမ္မတဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ငှက်ဖျားရောဂါကာကွယ်ရန် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေ

လူဆာကာ ဧပြီ ၂

ဇမ်ဘီယာအစိုးရသည် ၂၀၁၁ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှု ပမာဏအနည်းဆုံး ၇၅ရာခိုင်နှုန်းအထိ လျှော့နည်းကျဆင်းရန် ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အဖြစ် နိုင်ငံတစ်ဝန်းလုံးသို့ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဖြူးခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၆-၂၀၁၁ခုနှစ် အမျိုးသား ငှက်ဖျားရောဂါ မဟာဗျူဟာစီမံကိန်းကို လူဆာကာ၌ မတ် ၃၀ရက်က ထုတ်ပြန်ရာတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုပမာဏလျှော့ချခြင်းသည် ငါးနှစ်အောက် ကလေး ၂၀ရာခိုင်နှုန်း သေဆုံးမှုကို ကျဆင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပသည့် ဖက်ရှင်ပြိုင်ပွဲ၌ ကပြဖျော်ဖြေနေသော လှပျိုဖြူများကို မတ် ၃၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီ လေးရာစုမှ ရွှေအိုး

ဘီစီလေးရာစုက ရှေးခေတ်ဘူဂေးရီးယားလူမျိုးစုများ၏ အသုံးအဆောင် ရွှေအိုးတစ်လုံးကို တွေ့ရစဉ်။ (အောက်ပုံ)

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ရှိ အမျိုးသားသမိုင်းပြတိုက်တွင် ပြသထားသော ၎င်းရွှေအိုးများကို ၁၉၄၉ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ရွှေအိုးကိုးလုံးကိုတူးဖော်တွေ့ရှိခဲ့ပြီး အလေးချိန် ၆၁၄၆ ကီလိုဂရမ်ရှိသည်။

(အင်တာနက်)

ကမ္ဘာ့အရှည်ဆုံး နိုင်ငံတော်အလံ

ကမ္ဘာ့အရှည်ဆုံး နိုင်ငံတော်အလံကြီးအား တူရကီ ပြည်သူများ သယ်ဆောင်လာသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့လယ်ရှိပန်းခြံသို့ အရှည်၃ဒသမ၆ ကီလိုမီတာရှိ တူရကီနိုင်ငံတော်အလံကြီးကို ပြည်သူထောင်ပေါင်းများစွာဖြင့် သယ်ဆောင်လာခဲ့ရသည်။ ယင်းအလံကြီးသည် ဂင်းနက်စ်မှတ်တမ်းတွင် ကမ္ဘာ့အရှည်ဆုံး နိုင်ငံတော်အလံအဖြစ် စာရင်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

ပန်းပုဆရာ ဇော်လင်းနိုင်၏ ပိတောက်သားဖြင့် ထုဆစ်ထားသော ပုဂံသူ ကြာရွက်ဆောင်းထားသော ပန်းပုရုပ်တုကို မြန်မာ့ရတနာစတိုး(၁၅) ပန်းပုအရောင်းဆိုင်တွင် ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

● ကျောက်ဖုံးမှ

မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးဖြစ်သည့် ပန်းပဲ၊ပန်းရန်၊ပန်းပု၊ပန်းထိမ်၊ပန်းချီ၊ ပန်းပွတ်၊ ပန်းယွန်း၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့တို့ကို ကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ကာ မြန်မာ့ယဉ်ကျေးမှု အနုပညာအဖြစ် ထိန်းသိမ်းစောင့် ရှောက်လာခဲ့သည်မှာ ရှေးနှစ်ပေါင်း များစွာကပင် ဖြစ်သည်။

ယင်းပန်း ၁၀ မျိုးမှာ ပုဂံခေတ်နှင့် အင်းဝခေတ်တို့တွင် ပို၍တိုးတက် ထွန်းကားလာခဲ့သည်။ မြန်မာ့ရိုးရာပန်း ၁၀ မျိုးအနက်မှ ပန်းပုပညာနှင့်စပ်လျဉ်းပြီး သိရှိလို၍ ပန်းပုထည်ပစ္စည်းများကို ထုလုပ်ရောင်းချပေးနေသော ဗိုလ်ချုပ်ဈေးမျက်နှာစာရှိ မြန်မာ့ရတနာ အရောင်းခန်းမသို့ မြန်မာ့အလင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

အကျယ်တဝင့်

ရှေးဦးစွာ မြန်မာ့ရတနာ ပန်းပုပစ္စည်းရောင်းဝယ်ရေးဌာနမှ အမှုဆောင်ဒါရိုက်တာ ဦးခင်မောင်ရင်က မြန်မာ့ရတနာ ပန်းပုပစ္စည်းထုတ်လုပ်ရောင်းချမှုများနှင့်စပ်လျဉ်းပြီး အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

မြန်မာ့ရတနာလက်မှုအနုပညာပစ္စည်းနှင့် ပန်းပုထည်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းကို ၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဦးထွန်းကြွယ်က ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပ ပန်းပုချစ်မြတ်နိုးသူများ ဝယ်ယူအားပေးမှုကြောင့် နှစ်စဉ် ရောင်းအားတက်ခဲ့ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားသားဧည့်သည်များက မြန်မာ့ရိုးရာအနုပညာ ပန်းပုလက်ရာများကိုဈေးနှုန်းချိုသာပြီး ပန်းပုထုဆစ်မှု လက်ရာကောင်းမွန်သေသပ်မှုများကြောင့်ဝယ်ယူအားပေးမှု တစ်နှစ်ထက်တစ်နှစ် မြင့်မားလာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လူရုပ်နှင့်တိရစ္ဆာန်ရုပ်

မြန်မာ့ရတနာက အဓိကထုလုပ်ရောင်းချသော ပန်းပုထည်ပစ္စည်းများမှာ လူရုပ်နှင့် တိရစ္ဆာန်ရုပ်များဖြစ်ကြောင်း၊ လူသုံးပစ္စည်းများဖြစ်သော စားပွဲ၊ ကုလားထိုင်၊ အိမ်တိုင် စသော ပရိဘောဂပစ္စည်းများကိုလည်း ပန်းပုပညာဖြင့်ပေါင်းစပ်ပြီး ထုလုပ်ရောင်းချပေးကြောင်း ဦးခင်မောင်ရင်က ဆက်လက်ရှင်းပြသည်။

အရောင်းပြခန်းတွင် လူနှင့် တိရစ္ဆာန်ပန်းပုရုပ်များ ထွင်းထုထားရာ အမျိုးအမည်ပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ တန်ဖိုးအားဖြင့် အနိမ့်ဆုံး ပန်းပုလက်ရာပစ္စည်းသော့ချိတ်မှ ဈေးအမြင့်ဆုံးဒေါ်လာ ၃၅၀၀ တန်ဖိုးရှိ ပန်းပုရုပ်များပါဝင်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ဒါးပိန်ရွာမှ အဆိုပါအရောင်းပြခန်းတွင် ပြသရောင်းချသော မြန်မာ့ရိုးရာ ပန်းပုအနုပညာလက်ရာပစ္စည်းများကို ဒါးပိန်ရွာမှ အဓိက ထုလုပ်ပေးကြောင်း၊ တစ်ရွာလုံးနီးပါး ပန်းပုလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းပြုကြောင်း ၎င်းက ပြောကြားသည်။

ပန်းပုလက်ရာပစ္စည်းများကိုကျွန်း၊ ပိတောက်၊ကုက္ကိုနှင့် ယင်းတိုက်အသားများဖြင့် ထွင်းထုထားကြောင်း သိရသည်။ကျွန်းသားမှာ ပန်းပုရုပ်ကို သက်တမ်းကြာရှည်စွာခိုင်ခံ့စေပြီး ပိတောက်နှင့်ကုက္ကိုမှာ အရောင်အသွေးကို ပို၍ တောက်ပစေကြောင်း သိရသည်။

ကျွန်းသစ်ဖြင့် ထုဆစ်ထားသည့် အန်းကုံး ဘိုးတော် ပန်းပု ရုပ်တုအား ဗိုလ်ချုပ်ဈေး မျက်နှာစာရှိ မြန်မာ့ရတနာစတိုး(၁၅) ပန်းပုအရောင်းဆိုင်တွင် ဤသို့တွေ့ရသည်။

ဓာတ်ပုံ-

သိန်းဝင်းလေး

(မြန်မာ့အလင်း)

လက်ရာမြောက်

ပြသထားသော ပန်းပုရုပ်များကို လှည့်လည်ကြည့်ရှုရာ ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော် ပန်းပုရုပ်များမှာ လက်ရာမြောက်လှသဖြင့် ကုသိုလ်သဒ္ဓါစိတ်များ ပွားများရသည်။ လွန်ခဲ့သောနှစ် ၂၅၀၀ ကျော်က ဗုဒ္ဓမြတ်စွာရှင်တော်ဘုရား၏ ရုပ်ပုံအလွှာလွှာကို ပန်းပုဆရာများ၏ စိတ်အာရုံဖန်တီးမှုနှင့် ပန်းပုပညာ ပေါင်းစပ်လျက် မျက်မှောက်ခေတ် သာသနာရောင်ဝါထွန်းစေရန် ပန်းပုပညာဖြင့် ဖြည့်စွမ်းပေးနေခြင်းဖြစ်သည်။

ဇာတိသွေးဇာတိမာန်

တစ်ဖန်ပန်းပုဆရာကြီးဦးထွန်းဝေ ထုဆစ်သည့် အကယ်ဒမီရုပ်မှာလည်း လက်ရာလက်သား အလွန်ကောင်းလှသဖြင့် စိတ်ဝင်စားဖွယ် ပြယုဂ်တစ်ခုဖြစ်နေသည်။ ပန်းပုဆရာ ကိုမျိုးလှိုင် ထုဆစ်ထွင်းထုသည့် ပုဂံစစ်သူကြီးဓားထုတ်နေပုံပန်းပုမှာလည်း ပီပြင်လှသည့် ထွင်းထုမှုကြောင့် မြင်ရသူအဖို့ ဇာတိသွေး ဇာတိမာန်စိတ်များ တဖွားဖွားဖြစ်ပေါ်လာရသည်။

အမှတ်တရ

ယင်း ပန်းပုလက်ရာပစ္စည်းများအနက်မှ ပုဂံသူရဲကောင်းတစ်ဦး လေးပစ်ရန် မြားထုတ်နေပုံမှာလည်း ပုဂံခေတ်က အသုံးပြုခဲ့သော ဓား၊ လှံ၊ လေးနှင့် မြားတို့ကို အသုံးပြုလျက် ရန်အပေါင်းကိုအောင်နိုင်ခဲ့သည့်အနော်ရထာမင်းနှင့် ပုဂံသူရဲကောင်းများကို အမှတ်ရစေသည်။

တစ်ဖန် တင့်လှပေဟန်အမည်ရှိ အမျိုးသမီးတစ်ဦး၏ ပန်းပုရုပ်ပုံမှာလည်း အင်းဝခေတ်က မြန်မာလုပ်ျိုဖြူ တစ်ဦး၏ ဝတ်စားဆင်ယင်ပုံကို သိရှိလေ့လာခွင့်ရပြန်သည်။

ဆံကေသာထုံးဖွဲ့မှု

အင်းဝခေတ် မြန်မာအမျိုးသမီးတစ်ဦး ဆံကေသာထုံးဖွဲ့မှုမှာ နတ်သမီးသဖွယ် အလွန်လှပသည့် ဆင်ယင်ထုံးဖွဲ့မှုပင်ဖြစ်ကြောင်း ယင်းရုပ်တုက အသိပေးလိုက်သည်။ ထို့အပြင် တောခလေ့ တောဟန်ဖြင့် ထုဆစ်ခြယ်မှုန်းထားသော တောသူအမည်ရှိ ပန်းပုရုပ်များမှာလည်း ကျေးလက်နေ မြန်မာအမျိုးသမီးတစ်ဦး၏ သဘာဝ အလှတရားဖြင့် လှပနေပုံကိုလည်း အောက်မေ့ဖွယ် တွေ့ခဲ့ရသည်။

ထို့အပြင် ကျား၊ ဆင်၊ ကျားသစ်၊ မြွေ၊ နဂါး အစရှိသော သတ္တဝါတို့၏ စရိုက်လက္ခဏာကို ဖော်ညွှန်းသည့် ပန်းပုရုပ်များကလည်း နှစ်လိုဖွယ်ရာများ ဖြစ်နေသည်။

ယဉ်ကျေးမှုအမွေအနှစ်

အချုပ်အားဖြင့်ဆိုရသော် မြန်မာတို့၏ ခေတ်အဆက်ဆက်က ထိန်းသိမ်းလာခဲ့သော ပန်းပုပညာသည် အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားစေသည့် ယဉ်ကျေးမှုအမွေအနှစ်များပင် ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်အဖြစ် ခံယူလျက် ကာကွယ်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

တိုကျိုနှင့် ချယ်ရီအလှ

ဂျပန်နိုင်ငံ တိုကျိုမြို့၏ နွေဦးရာသီသည် ဧပြီ ဒုတိယပတ်တွင် ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနွေဦးရာသီတွင် ချယ်ရီပန်းများ တိုကျိုမြို့ဝန်းကျင်၌ ပင်လုံးကျွတ်ဖူးပွင့်နေကြသည်။ နေ့လယ်ပိုင်းက မိုးဖွဲများရွာသွန်းခဲ့သဖြင့် အေးမြနေပြီး နီယွန်ရောင်စုံမီးများကြောင့် ချယ်ရီပန်းများ ပို၍လှပဝေဆာနေသည်။

နေ့ခင်းတွင် ပန်းခြံများ၊ ဥယျာဉ်များနှင့် တိရစ္ဆာန်ရုံတို့၌ အပန်းဖြေလာရောက်ကြသူများနှင့် အထူးစည်ကားလျက် ရှိသည်။

ချယ်ရီပန်းများ ပွင့်သောရက်များအတွင်း ဂျပန်ပြည်သူများသည် ပျော်ပွဲစားထွက်ခြင်း၊ ချယ်ရီပန်းပင်များအောက်တွင် အစားအစာများ ပျော်ပျော်ပါးပါးစားသောက်ခြင်းဖြင့် ပါဝင်ဆင်နွှဲကြလေ့ရှိသည်။

ယူနိုအမည်ရှိ ဥယျာဉ်ကြီးတွင် ချယ်ရီပန်းပင်ပေါင်း အပင် ၁၀၀၀ ခန့်ရှိသည်။ ချယ်ရီပန်းများ မတ် ၃၁ ရက်က ယင်းဥယျာဉ်ကြီး၌ ပင်လုံးကျွတ်ဖူးပွင့်လျက်ရှိသည်။ တိုကျိုမြို့နေ ပြည်သူများ အဆိုပါဥယျာဉ်ကြီးသို့ စုရုံးလာရောက်လျက် ချယ်ရီပန်းကိုင်းများအောက်တွင် အပန်းဖြေ အနားယူလျက်ရှိသည်။

လူငယ်လူရွယ်များနှင့် ကလေးငယ်များကလည်း ချယ်ရီပန်းများ ဖူးပွင့်ခြင်းနှင့်အတူ ချယ်ရီပန်းများနှင့် အနီးကပ်တည်ဆောက်ထားသော မိုးပျံရထားများကိုစီး၍ ပျော်ပျော်ပါးပါး ဆင်နွှဲလျက်ရှိသည်။ **(အပေါ်ပုံ)**

(ကိုးကား-အင်တာနက်)

လက်ဖက်အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံ ယခုနှစ်တွင် အိန္ဒိယနိုင်ငံဖြစ်လာမည်ဟု ဆို

အိန္ဒိယနိုင်ငံသည် ကင်ညာနိုင်ငံတွင် မိုးခေါင်နေမှုကြောင့် ယခုနှစ်တွင် လက်ဖက် ပိုမိုတင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

လက်ဖက်တင်သွင်းသည့် နိုင်ငံများက ကမ္ဘာ့လက်ဖက်အများဆုံးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံကို အာရုံစိုက်နေကြကြောင်း၊ ကင်ညာနိုင်ငံသည် ဖေဖော်ဝါရီလက မိုးခေါင်မှုကြောင့် လက်ဖက်ထုတ်လုပ်မှု ၅၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံက အိန္ဒိယနိုင်ငံမှ လက်ဖက်များတင်သွင်းရန် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အိန္ဒိယ လက်ဖက်အသင်း အတွင်းရေးမှူး ဆူးဂျစ်ပါထရာက ပြောကြားသည်။

အဆိုပါ ပါကစ္စတန် လက်ဖက်ကိုယ်စားလှယ်အဖွဲ့သည် ဧပြီလကုန် မေလဆန်းတွင် လာရောက်မည်ဟု မျှော်လင့်ရကြောင်း ပါထရာက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်ကတင်သွင်းရန် စိတ်ဝင်စားနေသည့် ရိုးရာလက်ဖက်အများအပြားထုတ်လုပ်လျက်ရှိသည်။ ပါကစ္စတန်က အိန္ဒိယမှ လက်ဖက်ကီလိုဂရမ် သန်း ၂၀ တင်သွင်းရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းပမာဏမှာ ၂၀၀၅ ခုနှစ်က လက်ဖက်ကီလိုဂရမ် ၉ ဒသမ ၅ သန်း တင်သွင်းရာမှ ခုန်တက်လာခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံတွင် ကီလိုဂရမ် သန်း ၁၄၀ ရှိသော ဈေးကွက်ကြီးရှိနေပြီး ၇၀ ရာခိုင်နှုန်းကို ကင်ညာနိုင်ငံမှ တင်သွင်းနေသည်။

အိန္ဒိယနိုင်ငံက နှစ်စဉ် လက်ဖက်ကီလိုဂရမ် သန်း ၁၀၀ ဈေးကွက်ရှိသည့် အီဂျစ်နိုင်ငံကိုလည်း လက်ဖက်ရောင်းချရန် သွေးဆောင်လျက်ရှိသည်။

မကြာသေးမီက တရုတ်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့လည်း အိန္ဒိယနိုင်ငံသို့ လာရောက်ကာ လက်ဖက်ဝယ်ယူရေးအတွက် ဆွေးနွေးခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၀၅ ခုနှစ်က လက်ဖက်တင်ပို့ရောင်းချမှုသည် ကီလိုဂရမ် သန်းပေါင်း ၁၈၇ ဒသမ ၅ သန်းရှိခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်က ၁၉၇ ဒသမ ၆ သန်း တင်ပို့ခဲ့ကြောင်း အိန္ဒိယ လက်ဖက်ဘုတ်အဖွဲ့၏ စာရင်းမှတ်တမ်းများအရ သိရသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ရှီထယ်ဖုန် ဂျပန်ပရိသတ်များနှင့် တိုကျို၌တွေ့ဆုံမည်

တောင်ကိုရီးယားသရုပ်ဆောင် လီဗြောင်ဟန်(ရှီထယ်ဖုန်) **(အပေါ်ပုံ)** သည် ဂျပန်နိုင်ငံရှိ သူ့ပရိသတ်များနှင့် တွေ့ဆုံပွဲအခမ်းအနားတစ်ရပ်သို့ တက်ရောက်ရန် တိုကျိုမြို့သို့ ခရီးထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မိတ်ဆက်

ရှီထယ်ဖုန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ လာမည့် မေ ၃ ရက်တွင် တွေ့ဆုံမည့် သူ့ပရိသတ် ၅၀၀၀၀ အား ကျေနပ်အားရအောင် မိတ်ဆက်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ တွေ့ဆုံပွဲကိုဖြစ်မြောက်စေရန် ဂျပန်နိုင်ငံရှိ အဆာဟိရုပ်မြင်သံကြား၊ အဆာဟိရှင်ဘွန်းနှင့် ဟာကူဟိုဒိုဒီဝိုင်မီဒီယာတို့က ကမကထပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းတင်

ရှီထယ်ဖုန်အနေဖြင့် ဂျပန်ပရိသတ်များနှင့် ပထမဆုံး တွေ့ဆုံမှုဖြစ်မည်ဖြစ်ပြီး ယင်းသို့တွေ့ဆုံမှုကို ဂျပန်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်သူ ယာဆစ်အကီမိုတိုက မှတ်တမ်းတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဦးအောင်သောင်း တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်စက်ရုံများ စစ်ဆေး သွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ ထုတ်လုပ်ရေး မှာကြား

ရန်ကုန် ဧပြီ ၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ယမန်နေ့ နံနက် ၆ နာရီခွဲတွင် တောင်ကြီးမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိပြီး စက်မှု(၁)ထုတ်ကုန်ပစ္စည်းများရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းများပြတ်လပ်မှုမရှိရေး၊ စနစ်တကျ ပစ္စည်းများမှာယူသိုလှောင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆိုင်ဝန်ထမ်းများနှင့်တွေ့ဆုံကာ လုပ်ငန်းတာဝန်များ ကြိုးပမ်းဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အရောင်းဆိုင်ရှိ ပစ္စည်းသိုလှောင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အေးသာယာမြို့သစ် စက်မှုဇုန်အတွင်းရှိ မြန်မာအင်းလေးစားသောက်ကုန် စက်မှုလုပ်ငန်းလီမိတက်၊ မြန်မာအင်းလေး ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်း စက်ရုံသို့ ရောက်ရှိ စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဓာတ်ခွဲခန်းရှိ ဓာတ်ခွဲစမ်းသပ်မှု အခြေအနေများကိုလည်းကောင်း၊ အချိုရည်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း ကြည့်ရှုပြီး ဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ပျိုးထောင်ထား

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးတို့သည် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းသို့ ရောက်ရှိပြီး ကြက်ဆူပင်ပျိုးခင်းနှစ်သိန်း ပျိုးထောင်ထားမှု အခြေအနေများကို လည်းကောင်း၊ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်သို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင် စံပြပျိုးခင်း အမှတ်(၂)၏ ပျိုးပင်သုံးသိန်းခွဲ ပျိုးထောင်ထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းတို့သည် အေးသာယာစက်မှုဇုန် အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး စက်မှုဇုန်ကြီးကြပ်ရေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အေးသာယာစက်မှုလုပ်ငန်း ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီးဦးအောင်သောင်းက တင်ပြချက် အသီးသီးအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ အားပေးကူညီပေးလျက်ရှိရာ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာကို လေးစားသောအားဖြင့် အစုထည့်ဝင်ကြေးများကို အပြည့်အဝ ထည့်ဝင်ကြရန် တိုက်တွန်းပါကြောင်း၊ စက်ရုံ၏လည်ပတ်ထုတ်လုပ်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်လည်း လိုကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားပြီး သွင်းကုန်အစားထိုး စက်အရန် ပစ္စည်းများ အမယ်စုံ ထုတ်လုပ်သွားရေး၊ ထုတ်လုပ်သော ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရေး၊ စက်ရုံ၏ အခြေခံ အချက်အလက်များကို စနစ်တကျ လေ့လာဆောင်ရွက်ရေး တို့ကို ဆွေးနွေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Foundry Shop သို့ ရောက်ရှိပြီး ပုံလောင်းပြီးဖြစ်သည့် စက်အပိုပစ္စည်းများ ဖြစ်သည့် Wheel Clutch များ၊ Fly Wheel များ၊ Brake Drum များ၊ Hilux Brake များကိုလည်းကောင်း၊ သဲသန့်စင်ခြင်းနှင့် သဲပုံလောင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ သံရည်ကျိုခြင်းနှင့် သဲပုံလောင်းခြင်း အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

တိုးတက်ထုတ်လုပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် Machine Shop သို့ရောက်ရှိကာ စက်ရုံထုတ် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ အများကြိုက်နှစ်သက်သည့် သွင်းကုန်အစားထိုး စက်အရန်ပစ္စည်းများ တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်ရုံထုတ် ကြက်ဆူဆီကြိတ်စက်များကိုလည်းကောင်း၊ Ban Brake Drum များနှင့် Light Ace Brake Drum များကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၉နာရီခွဲတွင် ဟဲဟိုးမြို့ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးကုန်ကြမ်းစိုက်ကွင်း အစည်းအဝေးရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အလုပ်ရုံခွဲမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးဝါးကုန်ကြမ်းပရဆေးပင်များ တိုးချဲ့စိုက်ပျိုးသွားရေး၊ ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

တိုးချဲ့စိုက်ပျိုး

ထို့နောက် ဝန်ကြီးသည် ငှက်ဖျားရောဂါကာကွယ်ဆေးထုတ်လုပ်ရာတွင် အဓိကအသုံးပြုသော အာတီမီးစီးယားစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အာတီမီးစီးယားဆေးပင်များတိုးချဲ့စိုက်ပျိုးသွားရေး၊ မျိုးများ ဆက်လက်ပွားများလာရန် စနစ်တကျ ပျိုးထောင်ထားရှိရေး မှာကြားသည်။

ဝန်ကြီးသည် နံနက်၁၀နာရီခွဲတွင် ကလောမြို့သို့ရောက်ရှိပြီး နယ်မြေခံ တပ်နယ်မှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများဖြစ်သည့် အမျိုးသမီးဝတ်ပွင့်ရိုက်အထည်အစုံ၁၄၀၊ ယောကျ်ားဝတ်အင်္ကျီ၃၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၃၂၀နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀၀ကို ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ညနေ၃နာရီတွင် မန္တလေးတိုင်း သာစည်မြို့ ဆပ်ပြာစက်ရုံသို့ရောက်ရှိပြီး စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟို အတွင်းရေးမှူး ဦးအောင်သောင်းသည် ဆပ်ပြာစက်ရုံ အစည်းအဝေးခန်းမ၌ မိတ္ထီလာခရိုင် သာစည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံဆွေးနွေးသည်။

ဗဟို အတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း၊ အရည်အသွေး ပြည့်ဝသော အသင်းဝင်များ ပျိုးထောင်မွေးမြူရေး၊ အသင်းဝင်အင်အား တိုးပွားလာရန် စည်းရုံးဆောင်ရွက်ရေး၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်အုပ်တစ်မစိုက်ပျိုးသွားရေးအတွက် ပြည်သူများအား စည်းရုံးဆောင်ရွက်သွားရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ဝန်ကြီး ဦးအောင်သောင်းသည် ညနေ ၆နာရီတွင် မန္တလေးတိုင်း တောင်သာမြို့သို့ရောက်ရှိပြီး တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မြင်းခြံမြို့နယ်နှင့် တောင်သာမြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ကုန်သည်ပွဲစားများနှင့် တွေ့ဆုံပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးကိစ္စများ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရန် လမ်းတံတားများ တည်ဆောက်အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများ၊ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ဒေသထွက်သီးနှံ ကုန်စည်များသယ်ယူပို့ဆောင်ရာ၌ ကူညီပံ့ပိုးသွားမည့် အစီအမံများကိုအသေးစိတ်ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကုန်သည်ပွဲစားများက သိလိုသည်တို့ကိုမေးမြန်းကြရာ ဝန်ကြီးက ပြန်လည်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဧပြီ ၁ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ ခရိုင်အဆင့် ရဲကျင့်ဝတ်နှင့် စံပြရဲ ရေးဖြေစာမေးပွဲကို လသာ အထက(၁) တွင်ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးအောင်နိုင်သူနှင့်တာဝန်ရှိသူများက ကြပ်မတ် စစ်ဆေးစဉ်။ (အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့)

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အေးသာယာစက်မှုဇုန်ရှိ ထုတ်လုပ်ပြီး စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ခပေါင်းတမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး သတ်မှတ်ချိန်ပြီးစီးရေးနှင့် သေသပ်ခိုင်ခံ့ရေးမှာကြား

ရန်ကုန် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဧပြီ ၁ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း ရေလွှဲဆည်တည်ဆောက်မှုလုပ်ငန်း၏ ရေလွှဲဆည်အောက်ခြေပိုင်း ကွန်ကရစ်လောင်းလုပ်ငန်းနှင့် အပေါ်ပိုင်းအဆောက်အအုံ တည်ဆောက်ရန် ပြင်ဆင်နေမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း ပင်မတမံ၊ ရေပိုလွှဲတည်ဆောက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ရေပိုလွှဲအောက်ခြေပိုင်းကို စက်ယန္တရားများဖြင့် မြေသားရှင်းလင်းမှုနှင့် ရေပိုလွှဲအောက်ပိုင်း ရေငြိမ်ကန်ပြီးစီးမှုတို့ကို ရေပိုလွှဲအောက်ခြေပိုင်းမှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မတမံနှင့် ရေပိုလွှဲတို့ကို ရေပိုလွှဲအထက်ပိုင်းမှ ကြည့်ရှုစစ်ဆေးသည်။

ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အကျယ် ၁၀၆ ပေ၊ အလျားပေ ၉၀၀ ရှိသည်။ ယခုအခါ ရေပိုလွှဲလုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှနေ၍ ပင်မတမံ ရေဝပ်ဧရိယာအပိုင်း၊ ရေပိုလွှဲနှင့် ရေထိန်းတမံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပင်မတမံသည် အလျားပေ ၉၂၀၊ အမြင့်ပေ ၂၀၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်ပြီး ယခုအခါ အမြင့်ပေ ၁၉၄ ပေအထိ မြေသားဖို့ကျောက်သားစီပြီး ဖြစ်သည်။

ကုန်းကြောတမံသည် အလျားပေ ၈၀၀၊ အမြင့်ပေ ၇၀ ရှိပြီး ယခုအခါ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး တာဝန်ခံများအားလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး၊ သေသပ်ခိုင်ခံ့ရေး မှာကြားသည်။

ရေတားတမံ

ယင်းနောက် ဝန်ကြီးသည် တမံအတွင်း၌ ယခုနှစ်အတွင်း ရေသိုလှောင်နိုင်ရန်နှင့် ရေလွှဲဥမင်အတွင်း၌ ပိတ်မည့် လုပ်ငန်းလုပ်ကိုင်ရန်၊ ရေလွှဲဥမင်အဝင်ရှေ့ပိုင်း၌ အလျားပေ ၃၀၀၊ အမြင့်ပေ ၂၀ ရှိသည့် ရေတားတမံနှင့် ရေလွှဲဥမင်အဝင်ပိုင်း၊ ရေလွှဲဥမင်အထွက်ပိုင်းတို့ကိုကြည့်ရှုစစ်ဆေးသည်။

ရေအားလျှပ်စစ်

ခပေါင်းရေလှောင်တမံဘက်စုံ စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါရှိပြီး ဆည်ရေပေး၍ သီးနှံစိုက်ပျိုးမှု သာမက ရေအားလျှပ်စစ်လည်း ထုတ်ယူရရှိနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေသင်္ကန်း ကပ်လှူရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၁၆(အေ)၁၂၂လမ်းနေ ဇနီး ဒေါ်မြစိန် သားကိုတင်ရွှေတို့အား ရည်စူး၍ ခင်ပွန်းဦးလှမြင့်သား ကိုမျိုးမြင့်၊ သမီး မအေးအေးမြင့်၊ မခင်ခင်မြင့်နှင့်မြေး မျိုးသူဇာတို့က အလှူငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဘဏ္ဍာရေးမှူး ဦးလှသိန်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးညှင်း သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁၈၅) ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်တွင် ကျေးဇူးရှင်မိုးညှင်းဝိပဿနာတိုက်သစ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးညှင်းကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ ပဋ္ဌာန်းဒေသနာတော်နှင့် ခန္ဓာဉာဏ်မြင် ဝိပဿနာတရားစဉ်များကို အထူးတရားစခန်း ဖွင့်လှစ်၍ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီများအား အာဟာရဒါန ကျွေးမွေးမည်ဖြစ်ရာ ကုသိုလ်ယူလှူဒါန်းလိုသူများသည် အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းနိုင်ကြသည်။ တရားစခန်းဝင်ယောဂီများ ဖုန်း-၅၀၂၀၃၃၊ ၀၉-၉၉-၇၁၁၀၃ တို့သို့ ကြိုတင်စာရင်းသွင်းပြီး ဧပြီ ၁၁ ရက် ညနေ ၅ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

■ *ကျောဖုံးမှ*

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ပျိုးဥယျာဉ်အတွင်း ခြစ်ညီးရိုးကြက်ဆူ မျိုးစေ့များကို မျိုးစေ့ချ စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ပျိုးအိတ်အတွင်း မျိုးစေ့များ ပျိုးထောင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား ကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဘားအံတပ်နယ်တွင် ခြစ်ညီးရိုးကြက်ဆူပင်စိုက်ဧက ၁၁၀၀လျာထားသည့်အနက် မြေယာပြုပြင်ပြီး ၂၀၇ဧကတွင် ကြက်ဆူ ၈၇ ဒသမ၃ ဧက စိုက်ပျိုးထားရှိကာ မျိုးစေ့ပျိုးပင် ၈၃၄၉၀၀၊ ပျိုးပွားကိုင်းပင် ၉၉၃၀၀ စုစုပေါင်း ၉၃၄၂၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ကရင်ပြည်နယ် ဘားအံခရိုင် ခြစ်ညီးရိုးကြက်ဆူ မျိုးစေ့ချ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ကရင်ပြည်နယ်အတွင်း ခြစ်ညီးရိုးကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ကရင်ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးတို့က ခြစ်ညီးရိုးကြက်ဆူ မျိုးစေ့ နှင့် ပျိုးကိုင်းများကို လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ဒေသခံပြည်သူများအား ဖြန့်ဝေပေးပြီး အဖွဲ့ဝင်များနှင့်အတူ ကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ကရင်ပြည်နယ်အနေဖြင့် ၂၀၀၆ ခုနှစ်တွင် ကြက်ဆူပင် စိုက်ဧက တစ်သိန်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုအထိ ပျိုးထောင်ပြီး အပင် ၅၁၂၁၂၂၉ ပင်နှင့် စိုက်ပျိုးပြီးဧက ၅၇၂ဧက ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ခြစ်ညီးရိုး ကြက်ဆူမျိုးကိုင်းပင်၊ ကြက်ဆူမျိုးစေ့၊ ကြက်ဆူမျိုးပွားကိုင်း၊ ကြက်ဆူကြိတ်စက်၊ ကြက်ဆူဆီမီးခွက်၊ ကြက်ဆူဆီမီးအိမ်၊ ကြက်ဆူမီးဖို၊ ကြက်ဆူဆီဖြင့် မောင်းနှင်သည့် လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ ကြက်ဆူဆီသုံး လျှပ်စစ်မီးစက်များကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာကြသူများ၏ ပျိုးဥယျာဉ်အတွင်း ခြစ်ညီးရိုးကြက်ဆူမျိုးစေ့ပင်၊ ပျိုးကိုင်းပင်နှင့် မျိုးစေ့များ တပျော်တပါး စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တပျော်တပါးစိုက်ပျိုး

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ ထီလုံဒေသ ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်ဝင်းက ဒေသတွင်း ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းရှင်များသည်လည်း ရရှိထားသည့် မြေယာများကို အသုံးချ၍ အပြည့်အဝ စိုက်ပျိုးကြရေး စိုက်ပျိုးနည်းပညာများဖြန့်ဝေပေးရေး ဆွေးနွေးမှာကြားသည်။

ထီလုံဒေသအတွက် ခြံတောင်သူ ၁၀၇ဦးအား မြေဧရိယာဧက ၈၆၃၀ နေရာချထားပေးရာ ရော်ဘာနှင့် ကြက်ဆူသီးညှပ်စိုက်ပျိုးမည်ဖြစ်ပြီး ပျိုးပင်နှင့် မျိုးစေ့များ စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ပိုင်ကျုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံးသို့သွားရောက်၍ ရုံးဖွဲ့စည်းထားရှိမှုနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ပိုင်ကျုံချောင်းကူးတံတား ယာယီ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာမှူး ဦးတင်အောင်က တံတားတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကာ တံတားပိုင်တိုင် တည်ဆောက်ထားရှိမှုနှင့် ချဉ်းကပ်လမ်း ဖောက်လုပ်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိုင်ကျုံချောင်းကူးတံတားသည် တစ်လွှာတစ်ထပ် ဘေလီ ပေ၆၀ တစ်ခန်း၊ နှစ်လွှာတစ်ထပ်ဘေလီ ပေ၉၀ခြောက်ခန်း၊ သစ်သားတံတား အရှည်ပေ၆၀၀၊ စုစုပေါင်းတံတား အရှည်ပေ၁၂၀၀၊ ယာဉ်သွားလမ်း အကျယ်၁၂ပေလေးလက်မ၊ ခွင့်ပြုတန်ချိန်၁၃တန်ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပိုင်ကျုံမြို့နယ် မြို့ဦးစေတီတည်ဆောက်မည့် မြေနေရာနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၂၆၄၀ရှိ မြို့တွင်းလမ်းဖောက်လုပ်မှု၊ လျှပ်စစ်မီးတိုင်များ စိုက်ထူပြီးစီးမှုများကိုလည်းကောင်း၊ ပိုင်ကျုံမြို့နယ် (၁၆)ခုတင်ဆံ့ဆေးရုံ တည် ဆောက်ခြင်းလုပ်ငန်းနှင့် လှိုင်းဘွဲ့မြို့နယ် ခုတင် (၅၀)ဆံ့ပြည်သူ့ဆေးရုံ တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် လှိုင်းဘွဲ့မြို့နယ် နယ်မြေခံတပ်ရင်း၌ တပ်နယ်မှအရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ အမှာစကား အသီးသီးပြောကြားကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ကော့ကရိတ်မြို့ ခုတင် (၁၀၀)ဆံ့ဆေးရုံသစ် ဆောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များအား လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံသည် ပင်မဆောင် အလျား ၁၇၈ ပေ၊ အနံ ၆၈ ပေ၊ အမြင့်၂၈ပေရှိပြီး ခွဲစိတ်ခန်းနှင့် သားဖွားဆောင် အလျား၈၈ပေ၊ အနံ ၆၆ပေရှိ၍ နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

အမှာစကားပြောကြား

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ကော့ကရိတ်မြို့ နယ်မြေခံတပ်ရင်း ခန်းမဆောင်၌ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော နွေစပါးစိုက်ဧက၈၀၀ အား ရေပေးဝေနေသည့် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ ဒီဇယ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးလွင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မိုးစပါးနှင့် နွေစပါး လျာထားဧကပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ကရင်ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

အကျိုးပြုဧက

ဂျိုင်းဒီဇယ်မြစ်ရေတင်လုပ်ငန်းသည် ဘားအံမြို့နယ် ဂျိုင်းကျေးရွာ၌ တည်ရှိပြီး ရေတင်အမြင့် ပေ၃၀၊ ပင်မမြောင်း အရှည် ပေ၁၀၀၀၀၊ လက်တံမြောင်းအရှည်ပေ၇၅၀၀ရှိပြီး စက်အမျိုးအစား ဇင်ဇင်းအင်ဂျင် လေးလုံးဖြင့် မြစ်ရေတင်ရန် ဆောင်ရွက် ထားခြင်းဖြစ်ပြီး အကျိုးပြု ဧက ၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဂျိုင်းမြစ်ရေတင်ရေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော နွေစပါး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်သည်များမှာကြား ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးခွမြို့ မဟာဇိနအတုလသကျမုနိ သွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ ဥက္ကံအမှတ်(၈)ရပ်ကွက် မဟာဇိန အတုလသကျမုနိ သွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ၉ရက်မှ ၁၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်စိမ်း

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဧပြီ၁၂ရက် နံနက်၆နာရီတွင် မြတ်စွာဘုရားရှင်အား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်လှူဒါန်းပြီး နံနက်၇နာရီတွင် ဘုရားအမှူးပြုသော သံဃာတော်အရှင်မြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

ဓမ္မပူဇာ

ဓမ္မပူဇာသဘင်အဖြစ် ဧပြီ၉ရက်တွင် ဘဒ္ဒန္တအင်္ဂီသ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ပါဠိကာရီ ပရိယတ္တိစာသင်တိုက် ရန်ကုန်၊ ၁၀ရက်တွင် အရှင်တေဇာစာရ(ဓမ္မာစရိယ)မလွန်ဆန်လှူအသင်း နယ်လှည့်ဓမ္မကထိက၊ ၁၁ရက်တွင် ဘဒ္ဒန္တနရပတိ (ဖြူးဆရာတော်) သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်း ပြည်ပ မဟာစည်၊ ပဓာနနာယက ဆရာတော် အရှင်သူမြတ်တို့က ညစဉ် ၇နာရီမှစ၍ ဘုရားကြီး၏ ဓမ္မရင်ပြင်တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်မြို့နယ်မြေခံတပ်ရင်းခန်းမဆောင်၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

✱ **ရှေ့ဖုံးမှ**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၀၆ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ဂုံညင်းတန်းတံတား
၈း၂၀	၈။	ခါသကြိန်အဆိုအကများ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၁၅	၇။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇း၂၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၃၅	၉။	**"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၇း၄၅	၁၀။	ခါသကြိန်အဆိုအကများ
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၇၇)
၁၈း၅၀	၁၄။	လူ့အခွင့်အရေး သကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (အပိုင်း-၁)
၁၉း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း-၁)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"**(အပိုင်း-၃)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ခြေလျင်တောင်တက်ခရီးစဉ်အတွက် အောင်နိုင်ရေးအလံ ပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလုပ်ရှားမှု ခြေလျင်တောင်တက်ခရီးစဉ်အဖြစ် ဆောင်ရွက်မည့် ကချင်ပြည်နယ် ဖုန်ကန်ရာဇီရေခဲတောင် တောင်တက်ခရီးစဉ်အတွက် အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရေခဲတောင်တက်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က အသီးသီးအမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်က တောင်တက်ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တောင်တက်ခရီးစဉ် အောင်နိုင်ရေးအလံပေးအပ်ရာ ဒေါက်တာခင်မောင်က လက်ခံရယူသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တောင်တက် အဖွဲ့ဝင်များနှင့် အတူစုပေါင်း၍ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အသင်းဝင်၆၅ဦးပါဝင်

ယခု တောင်တက်ခရီးစဉ်မှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု ခြေလျင်နှင့် တောင်တက် ပထမအကြိမ်ခရီးစဉ်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၆၅ဦးတို့ ပါဝင်ကြောင်းသိရသည်။

တိုးတက်အောင်ဆောင်ရွက်

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၌တိုင်းရင်းသားလုပ်ငန်းရှင်များ ဆောင်ရွက်လျက်ရှိသော ဟိုတယ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ Emerald Land Inn သို့ ရောက်ရှိပြီး ဟိုတယ်လုပ်ငန်းရှင် ဦးကိုကိုလေးက ဝန်ကြီးအား ဟိုတယ်အတွင်း လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် Mandalay City °Hotel သို့ ရောက်ရှိပြီး ဟိုတယ်မန်နေဂျာ ဦးကျော်မျိုးလတ်က ဟိုတယ်လုပ်ငန်းအခြေအနေများကို လိုက်လံ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းအောင်မြင်ရေးကို ကြိုးပမ်းဆောင်ရွက်ရန် အားပေးအမှာစကား ပြောကြားသည်။

စိန်စိန်ဟိုတယ်

ဆက်လက်၍ ဝန်ကြီးသည် စိန်စိန်ဟိုတယ်သို့ ရောက်ရှိပြီး ဟိုတယ်မန်နေဂျာက ဟိုတယ်အခန်းများ၊ စားသောက်ခန်းမနှင့် ဧည့်ခန်းများကို လိုက်လံပြသရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဟိုတယ် မန္တလေး တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ရေးလုပ်ငန်း အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ပြီး လုပ်ငန်းများ အမြန်ဆုံး လည်ပတ်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် Great Wall Hotel သို့ရောက်ရှိပြီး လုပ်ငန်း အခြေအနေများကိုလှည့်လည်ကြည့်ရှုကာ မန္တလေးဇုန်ရှိ ဟိုတယ်လုပ်ငန်းရှင်များ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှော်ဘီ သဲအင်းဂူဝိပဿနာ သကြံန် အဓိဋ္ဌာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး တည်ထောင်ခဲ့သော မူလသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော သကြံန် အဓိဋ္ဌာန်တရားစခန်းဖွင့်ပွဲကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ ဖုန်း-၆၂၀၀၁၉ သို့ ဆက်သွယ်၍သော်လည်းကောင်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ တရားစခန်းဖွင့်ပွဲနှင့်အတူ မူလသဲအင်းဂူဆရာတော်ကြီး၏ မျက်ရှင်တော် (ဓာတ်တော်)များကိုလည်း အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းသို့ ဆန်၊ဆီ၊အာလူး၊ငရုတ်နှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၏ဇနီးများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မတ်၂၃ရက် ညနေ၅နာရီက မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းသို့ ဆန်၊ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အောက်ပုံ)** အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂိယထံမှ ငါးပါး သီလခံယူဆောက်တည်ကြပြီး ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မောင်တင်အောင်ဦး(ခ)အောင်အောင် (တတိယနှစ်၊သချ်ာ၊ ဒဂုံတက္ကသိုလ်)အား ရည်စူး၍ အမှတ် ၉၃ မာလာမြိုင် ၅ လမ်း (၁၆)ရပ်ကွက် လှိုင်မြို့နယ်နေ ဦးမြင့်လွင်-ဒေါ်ဌေးဌေးဝင်း၊ ညီ မောင်ရဲရင့်မြင့်လွင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။(က-ပ)

ဒုလ္လဘရဟန်းခံနှင့် သီလရှင်ဝတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘရဟန်းခံ၊ ရှင်သာမဏေပြုပွဲနှင့် သီလရှင်ဝတ်ပွဲကို မိဘနှစ်ပါးဖြစ်ကြသော ဦးခင်မောင်မောင်(ဒုတိယဝန်ကြီး (ငြိမ်း) အမှတ်(၁)စက်မှုဝန်ကြီးဌာန)နှင့် (ဒေါ်မိမိခင်)(သီဟသုဓမ္မသီရိ၊ သီရိသုဓမ္မသီရိ၊ အဂ္ဂမဟာသီရိသုဓမ္မသီရိ၊ လူမှုထူးချွန်ပထမဆင့်) တို့အား ရည်စူး၍ ကျိုက်ထိုမြို့နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇောတိက (မဟာသဒ္ဓမ္မဇောတိကဓဇ)အား အမှူးထားပြီး သားသမီးများဖြစ်ကြသော ကိုတိုး၊ ကိုစိုး၊ ကိုဖြိုးနှင့် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်(မန္တလေးမြို့တော်ဝန်)နှင့် ဇနီး ဒေါ်မိုးသီတာ၊ မြေး ခင်အင်ကြင်းတို့က မတ် ၃၁ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ခံယူဆောက်တည်

ရှေးဦးစွာ ဧည့်ပရိသတ်များက ရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ရေစက်သွန်းချ

ထို့နောက် ဆရာတော်များအား အလှူရှင်မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး**(အောက်ပုံ)** ရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုသလထံမှ ရေစက်ချ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အလှူတော်မင်္ဂလာ အောင်မြင်ခြင်းအထိမ်းအမှတ် ငွေမိုးရွာသွန်းဖြိုးပေးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တပ်မတော်နေ့ပြပွဲ အဌမနေ့ဆက်လက်ပြသ ပြည်သူများစိတ်ဝင်စားစွာကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၂

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ အဌမနေ့အဖြစ် ဆက်လက်ပြသထားရာ ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း(၁)နှင့်(၂)၊ တပ်မတော် (ရေ)ပြခန်း၊ တပ်မတော်(လေ) ပြခန်းများကို ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံကားချပ်၊ ဇယား၊ ပုံစံငယ်များဖြင့် ဝေဝေဆာဆာ ပြသထားရာကျောင်းသား ကျောင်းသူ၊ အများပြည်သူ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း၌လည်း ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသလျက်ရှိရာ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်သည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ထွန်းအောင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chinese Association for International Understanding (CAFIU)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ထွန်းအောင် ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Mu နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဆပ်ပြာမိတ်ဆက်ပွဲနှင့်ကံစမ်းမဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

Excel Co.,Ltd. မှ ထုတ်လုပ်သည့် Royal Gold Soap ဆပ်ပြာ စတင် မိတ်ဆက်ပွဲနှင့် Excel Treasure Tower ရှိဆိုင်များတွင် ဝယ်ယူသုံးစွဲခဲ့သူများအတွက် ကျေးဇူးတုံ့ပြန်သည့် ကျပ်သိန်း၁၂၀ ကျော်ကံစမ်းမဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး ကမ္ဘာအေးစေတီလမ်းရှိ Excel Shopping Mall ၌ ကျင်းပသည်။ **(အောက်ပုံ)** Royal Gold Soap ဆပ်ပြာသည် ကြာရှည်အသုံးခံပြီး နူးညံ့သော ဆပ်ပြာမြှုပ်၊ အဆင့်မြင့်နည်းပညာဖြင့်ထုတ်လုပ်ပြီး Luxury ရေမွှေးစစ်စစ်ရနံ့များဖြင့် ထုတ်လုပ်ထားသည့် ဆပ်ပြာဖြစ်ကြောင်း၊ အသားအရေကို နူးညံ့ချောမွေ့စေပြီး အသားအရေပျက်စီးခြင်းကို ကာကွယ်ပေးသည့်အပြင် ဖြူဖွေးလှပ ချောမွတ်စေသည့် ဆပ်ပြာဖြစ်ကြောင်း သိရသည်။ Royal Gold Soap ၏ အရောင်းမြှင့်တင်ရေး အခမ်းအနားကို ဧပြီ၂၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ ကျင်းပမည်ဖြစ်ပြီး နာမည်ကျော်စတီရီယိုအဆိုတော်များက The Tree Band တို့မှ Talent & Models အဖွဲ့တို့နှင့်အတူ Royal Gold Soap ၏ ပျော်ရွှင်ကြည်နူးဖွယ် Game ကစားခြင်းကို တင်ဆက်ပြီး မေတ္တာလက်ဆောင်များပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအထိ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့၌ ကြက်များအသေအပျောက်ရှိခဲ့ပြီး မတ်လပထမပတ်တွင် ကြက်ငှက် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး (H_5 N_1) စတင် စစ်ဆေးတွေ့ရှိခဲ့ရာမှ ယခုအခါ စစ်ကိုင်းတိုင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦးမြို့နယ်များနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရမြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားခဲ့ရာ ကြက်မွေးမြူရေးခြံ ၂၂၆ခြံ၊ ကြက်ကောင်ရေ ၁ဒသမ၄သိန်း၊ ကြက်ဥ ၇၀၅၆၀၊ ငုံးမွေးမြူရေးခြံ ၆၃ခြံမှ ငုံးကောင်ရေ ၁ဒသမ၃သိန်း၊ ငုံးဥ ၅၀၈၅၅လုံး ဖျက်ဆီးခဲ့သည်။ ရောဂါဖြစ်မြို့နယ်များအတွက် ရောဂါကန့်သတ်နယ်မြေများ၊ ထိန်းချုပ်နယ်မြေများသတ်မှတ်၍ ကြက်နှင့်ကြက်ထွက်ပစ္စည်း၊ မွေးမြူရေးလုပ်ငန်း အသုံးအဆောင်ပစ္စည်းများ သယ်ယူပြောင်းရွှေ့တားမြစ်မှုများအရ ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်များ ပူးပေါင်း၍ ရောဂါထိန်းချုပ်မှုများ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော FAO/JICA/ ဩစတြေးလျနိုင်ငံ ဂျီလောင်းမြို့ရှိ အမျိုးသားတိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း၊ ထိုင်းနိုင်ငံ တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးရေးဌာန DLD တို့နှင့်ပူးပေါင်း၍ ရောဂါထိန်းချုပ်ရေးနည်းပညာအကူအညီများ၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းအကူအညီများရယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ FAO ဒေသညှိနှိုင်းရေးမှူး Dr. Watanee နှင့်အမေရိကန်နိုင်ငံ USAID မှ Dr. J. Mac. Arther တို့သည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့် ကြက်ငှက် တုပ်ကွေးရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး Dr. J. Mac. Arther အနေဖြင့် မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းတို့၏ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကြက်ငှက်တုပ်ကွေးရောဂါစတင်ဖြစ်ပွားမှုသတင်းကို သက်ဆိုင်သည့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပွင့်လင်းကြည်လင်သောကြေညာချက်များထုတ်ပြန်မှုနှင့် ရောဂါထိန်းချုပ်မှုကို ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်းဖြင့်ပြောကြားသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ကြက်ငှက်တုပ်ကွေးရောဂါ ကျွမ်းကျင်သူပညာရှင် Dr. Sudarat သည် မတ်၂၈ရက်တွင် ရောက်ရှိလာပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပညာရှင်များနှင့်ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးမှုကို ခေတ်မီနည်းပညာရပ်များအသုံးပြု၍ရောဂါရှာဖွေစစ်ဆေးနည်းများကို နှစ်ပတ်ကြာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် FAO မှ ဒေသညှိနှိုင်းရေးမှူး Dr.Watanee နှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုပူးပေါင်းဆောင်ရွက်ရေးပညာရှင် Dr.Prasit သည် မတ်၃၁ရက်တွင် ရောက်ရှိလာပြီး စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုကို ဒေသခံတိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် နှစ်ပတ်ကြာပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီရယူဆောင်ရွက်လျက်ရှိရာတွင် ရောဂါကာကွယ်ရေးဝတ်စုံဆေးဖျန်းပုံး၊ ပိုးသတ်ဆေးများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ပြည်သူလူထုပညာပေးအထောက်အကူပြုရုပ်ပြ ပိုစတာများ စုစုပေါင်းထောက်ပံ့ကူညီမှုတန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းကျော်လက်ခံရရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇ လမ်း သုခရိပ်ငြိမ် အမှတ် ၅၉ နေ ဒေါက်တာဦးသန်းဝင်း-ဒေါ်အေး သီတာဝင်း သမီးလေး မခင်သီတာဝင်း၏ (၆)နှစ်မြောက်မွေးနေ့အထိမ်း အမှတ် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမရဝတီကျောင်းတိုက် ဒုလ္လဘတရားစခန်းနှင့်ဓမ္မသဘင်

ရန်ကုန် ဧပြီ ၂

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်စံပြရွာ အမရဝတီကျောင်းတိုက်၏ ပဓာန နာယက ပြည်တွင်းပြည်ပသာသနာပြု ဒွိပိဋက ဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ သဇ္ဇန၊ ဘဒ္ဒန္တ ရေဝတ(ဓမ္မာစရိယ) ဆရာတော်တို့ဦးစီး၍ မဟာသင်္ကြန် ဒုလ္လဘတရားစခန်းပွဲကို ဧပြီ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်၍ ညစဉ် ၇ နာရီမှစ၍ ဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒက တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဒုလ္လဘဝတ်၍ တရားအားထုတ်လိုသူများသည် ဧပြီ ၁၂ ရက် ညနေ ၃ နာရီ အရောက် လာရောက်ကြရန်နှင့် ဖုန်း-၅၇၂၆၃၈၊ ၆၆၀၈၁၆ နှင့် ၀၉-၅၀၀၀၈၃၈ တို့သို့ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၇၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မြိတ်မြို့အမျိုးသမီး အိမ်တွင်းမှုသက် မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၁၂)၊ အခြေခံ စက်ချုပ်သင်တန်းအမှတ်စဉ်(၄၁)နှင့်ဟင်းလျာချက်ပြုတ်နည်းသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ ရက်နံနက်က သင်တန်းကျောင်းခန်းမဆောင်၌ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့အတူ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ ရေး၊ ကော့သောင်း၊ မောင်တောမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏အဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲများ၊ချင်းပြည်နယ်ဟားခါး၊ ဖလမ်း၊ မင်းတပ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံ ရက်ကန်းသင်တန်းနှင့် ကနုကမာကျောက်စီပန်းချီသင်တန်းဆင်းပွဲများ၊ ပူတာအို၊ ဗန်းမော်၊ တီးတိန်၊ ကန်ပက်လက်၊မတူပီအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းဆင်းပွဲများ၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ မုဒုံ၊ လေရှီး၊ လဟယ်၊ နန်းယွန်း အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ မတ်၃၁ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခရမ်းမြို့နယ် ရဲရန်အောင်ငါးမွေးမြူရေးစခန်းစစ်ဆေး ငါးသားပေါက်ကောင်ရေခြောက်သိန်းပြည့်မီအောင်ထုတ်လုပ်ရေးမှာကြား

ရန်ကုန် ဧပြီ ၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် ဝန်ကြီးဌာနအောက် ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်ခရမ်းမြို့နယ် ကမာကလူကျေးရွာအုပ်စုရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ ရဲရန်အောင်ငါးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ ကျေးရွာအုပ်စုရှိ ပုဂ္ဂလိကငါးလုပ်ငန်းရှင်ဦးအေးကို၏ တီလားပီးယားငါးမွေးမြူရေးကန်သို့ ဝင်ရောက်လေ့လာရာ ဦးအေးကိုက တီလားပီးယားငါးအသားတိုးမွေးမြူထုတ်လုပ်မှု၊ ဈေးကွက်တင်ပို့ရောင်းချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါကျေးရွာအုပ်စုရှိ ကမာမက်ချောင်းနှင့် ခရမ်းချောင်းဆုံ၌ တည်ရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ အကျယ်အဝန်းဧက ၁၀၀ရှိ ရဲရန်အောင် ငါးမွေးမြူရေးစခန်းသို့ဆက်လက်သွားရောက်ကြည့်ရှုရာ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်းက စခန်းအတွင်းငါးမွေးမြူထားရှိမှုနှင့် ထုတ်လုပ်ရောင်းချမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ အကြံပေး ပုဂ္ဂိုလ်ဦးတင်မောင်သန်းက တီလားပီးယားငါးသားပေါက်ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။ ထို့နောက် စခန်းအတွင်းရှိအီဇူမီဒိုင်း(Izumidai) တီလားပီးယားမျိုး ငါးကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှု အခြေအနေကို လေ့လာရာ ငါးမွေးမြူရေး ပညာရှင်ဦးမောင်သိန်းကအသေးစိတ်ရှင်းလင်းတင်ပြသည်။ အဆိုပါ တီလားပီးယားငါးမျိုးသစ်မှာ ပြည်ပပို့ကုန် အမယ်သစ်အဖြစ်ငါးအသားလွှာထုတ်လုပ်ရန် အထူးသင့်လျော်သော ငါးမျိုးဖြစ်၍ ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ဧက ၅၀၌ မွေးမြူနိုင်ရန်အတွက် ငါးသားပေါက်ကောင်ရေ ခြောက်သိန်း ပြည့်မီအောင် ထုတ်လုပ်မွေးမြူသွားရန်နှင့် ဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊လောင်စာဆီအစားထိုး ခြစ်ဆီးရိုးကြက်ဆူပင်တိုးမြှင့်စိုက်ပျိုးရေးနှင့်ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးစသည်တို့ကိုရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးတို့ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးနှင့် စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူးဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကထိကများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်အေးအေးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ အမျိုးသမီးထု၏အကျိုးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ အရေးပါပုံတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်သန်းသန်းအေးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

လက်ဆောင်

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီး ဌာနကြီးမှူးက ပေးအပ်ချီးမြှင့်ပြီး သင်တန်းကထိကများ ကိုယ်စားကထိက တစ်ဦးအား ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ကာသင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းကာလ

သင်တန်းသို့ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများမှ စိတ်ပါဝင်စားသူ သင်တန်းသူ ၁၃၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၁၉ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက်ဥက္ကဋ္ဌ ဦးသာဖုံနှင့် တာဝန်ရှိသူများ ရပ်ကွက်အတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းများအား စုရပ်များတွင် လှည့်လည်စိုက်ထူကြစဉ်။

(၁၈၀)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာ ပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပိုး သတိပြု

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထိန်းသိမ်းထာဝစဉ် မည့်ပြုံးပန်းအသွင်
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ(မိုးသကြၤန်)
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	အမှတ်(၁) သတ္တုတွင်းလုပ်ငန်း မြေလွှာကိုဖွင့် မြေကိုမြှင့်အံ့ (အပိုင်း-၁)
၈း၁၀	မိုးလေဝသခန့်မှန်းချက်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	လှပဆင်ယင် သတို့သမီးဖက်ရှင်
၉း၀၀	ပြည်တွင်း သတင်းအကျဉ်း
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ရေကူးရအောင်
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	အင်းတော်ကြီးကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	အသည်းရောင်အသားဝါ(စီ) ရောဂါပိုးကို ကုသနိုင်သောနည်းလမ်းများ(အပိုင်း-၂)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	ဆန်စက်ဖွံ့ဖြိုး တို့ပြည်အကျိုး
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ဓလေ့ရိုးရာ ရှမ်းရွာကလေးများ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နိုင်ငံတကာ ပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁း၂၅	Blackburn-Wigan	5-Sports (Live)

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက စွန်ရဲကိုနိုင်ပြီး ကွာတားတက်

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ ပြည်ထဲရေးအသင်းက စွန်ရဲအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။

အနိုင်ဂိုး

ရှုံးထွက်ပြိုင်ပွဲဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားရာ အကြိတ်အနယ်ရှိသော်လည်း ဂိုးသွင်း မပိုင်နိုင်မှုကြောင့် ပထမပိုင်း၌ ဂိုးမရှိ သရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက ဟန်ထွန်းအစား ဇော်လင်းထွန်းကို လူစားလဲကစားရာ လူစားလဲမှန်သည်ဟုဆိုရပေမည်။ ပြည်ထဲ ရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ်၈၀တွင် အလွတ် တည်ကန်ဘောမှ တစ်ဆင့် နေသူလှိုင်က အမြှောက်ကန်ပို့ရာ ဇော်လင်းထွန်းက ခေါင်းတိုက်သွင်းယူ၍ ရရှိခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်

ပြည်ထဲရေးအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ရာ ဆောက်လုပ်ရေးအသင်းနှင့် ဧပြီ ၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များ အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စီးပွား/ ကူးသန်းအသင်းနှင့် စွမ်းအင်အသင်း၊ မြို့တော်စည်ပင်အသင်းနှင့် ကမ္ဘောဇ အသင်း၊ ဆောက်လုပ်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယနေ့ပွဲ

ဧပြီ ၃ ရက် **(ယနေ့)** ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်တွင်း ၁၁ ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂

မန္တလေးမြို့ လမ်း ၈၀ တရုတ် တန်းနေ ဦးဟန်မြိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်) မိသားစုက ဆောက်လုပ်လှူဒါန်းထား သော စစ်ကိုင်းတောင်ရိုး ဂေါ်သီတာ ဝံချောင် သုံးထပ်ကန်အနီးရှိ ဓမ္မ စွမ်းရည် မဟာစည်သာသနာ့ရိပ်သာ ကြီး၌ တစ်လတစ်ခါ တရားစခန်းသို့ အချိန်မရ၍ လာရောက် တရားအား မထုတ်နိုင်ကြသောဓမ္မမိတ်ဆွေအပေါင်း တို့အတွက် ဧပြီ ၇ ရက် မှ ၁၇ ရက်အထိ ၁၁ မိုးငြိမ်းစေရန် သင်္ကြန်တွင်း ၁၁ ရက်စခန်းဖွင့်လှစ်ရန် စီစဉ် ထားသည်။

အဆိုပါတရားစခန်းပွဲတွင် မဟာ စည် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဓမ္မစွမ်းရည် မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒက ဟောကြားပြသမည်ဖြစ်၍ တရား စခန်းဝင်လိုသော ယောဂီများ ဧပြီ ၅ ရက်အရောက် လာရောက်ကြရန်နှင့် ဆရာတော် ဘဒ္ဒန္တသီရိန္ဒ ဖုန်း-၀၇၂- ၂၁၆၆၀ နှင့် မော်မော်စန်းထိုးမုန့် လမ်း ၈၀ တရုတ်တန်းရပ် ဖုန်း- ၆၀၅၆၉၊ ၆၁၈၆၀ တို့သို့ ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးဆေးရုံကြီးကုသဆောင်အတွက် ရုပ်မြင်သံကြားနှင့်လေအေးပေးစက်လှူဒါန်း

ရန်ကုန် ဧပြီ ၂

မန္တလေး ကလေးဆေးရုံကြီး ကလေးကုသဆောင်များနှင့် ခွဲစိတ် ဆောင်တို့အတွက် ရုပ်မြင်သံကြားစက်၊ လေအေးပေးစက်လှူဒါန်းခြင်းနှင့် ချို့တဲ့ ကလေးလူနာများအား ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကလေးဆေးရုံကြီး အစည်းအဝေး ခန်းမ၌ကျင်းပရာ ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာဒေါ်လေးခိုင်၊ ကလေးကျန်းမာ ပညာဌာန ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ထွေး၊ ပါမောက္ခ ဒေါက်တာ ဖေသက်ခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မြင့်နှင့် ဆရာဝန် များ၊ သူနာပြုအုပ်နှင့် သူနာပြု ဆရာမ ကြီးများ၊ အလှူရှင် ရန်ကုန်မြို့နေ NKNT ကုမ္ပဏီ လီမိတက် ဒါရိုက် တာ ဦးစံရွှေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

အခမ်းအနားတွင် အလှူရှင် NKNT ကုမ္ပဏီလီမိတက် ဒါရိုက် တာ ဦးစံရွှေမြင့်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်း ပြောကြား ၍ ကလေးကုသဆောင် (၁)၊(၂)၊(၃) နှင့် ခွဲစိတ်ဆောင်တို့အတွက် ငွေကျပ် ၄၄၇၈၀၀ တန်ဖိုးရှိ ၂၁လက်မ Star ရုပ်မြင်သံကြားစက်တစ်လုံးနှင့် Star လေအေးပေးစက်တစ်လုံး၊အလှူငွေ ကျပ် ၁၀၅၀၀၀ တို့ကို ပေးအပ်လှူဒါန်း ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူ တို့က လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အလှူရှင်သည် ကလေး ဆေးရုံကြီးကလေးကုသဆောင် (၁)၊ (၂)၊ (၃) တို့မှ ချို့တဲ့ကလေး လူနာ များအား ဆေးဝါးကုသရန် အလှူငွေ များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် ယခုအပတ်ထုတ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၄)တွင် ကိုကို(စက်မှု တက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ကုန်သည်နှင့် စီးပွားရေးလုပ်ငန်းရှင် များ ပူးပေါင်းပါဝင်ဖို့လို၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ၊ ဂျာမန်ဂျီအေအေအဖွဲ့၏ အကူအညီဖြင့် အိမ်တွင်းဥယျာဉ်စီမံကိန်း တိုးချဲ့ ဆောင်ရွက်မည်၊ ရှားပါးစာရင်းဝင် ဒီရေတောဆင် မြန်မာနိုင်ငံတွင် နှစ်ကောင်သာကျန်ရှိ စသည့် ပြည်တွင်း ရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

အကြီးတန်းဝန်ကြီး ဂိုချုပ်တောင် စီးပွားရေးပညာသင်ကျောင်းကို ဖွင့်လှစ်ပေး၊ ချီကာဂိုမြို့ကြီး သက်သတ်လွတ် စာရင်းထဲသို့ဝင်ပြီ၊ ဆိုက်ပရပ်စ် ကျွန်းတွင် ကျောက်သားခေါင်းတလား တူးဖော်ရရှိ စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာ ဖြင့် e-Empire Media House ဖုန်း-၅၀၇၇၂၁ က ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

ရွှေထည်နှင့်အဝတ်အထည်မျိုးစုံပျောက်ဆုံးတိုင်တန်းခဲ့မှု တရားခံများနှင့်အတူပစ္စည်းများဖော်ထုတ်ဖမ်းဆီးမိ

ရန်ကုန် ဧပြီ ၂

ကြံခင်းမြို့နယ် ကြံခင်းရဲစခန်းအပိုင် ဆိပ်သာရဲကင်းနယ်မြေ ကျွန်းကြီး ကျေးရွာရှိ ဦးမြင့်ဦးနေအိမ်မှ ရွှေထည်ပစ္စည်း ၁၂ မျိုး အလေးချိန် ၁၆ ကျပ်၊ ၁၃ ပဲ၊ ၁ ခြမ်း၊ ငွေငါးသောင်းနှင့် အဝတ်အထည်မျိုးစုံ စုစုပေါင်း တန်ဖိုးကျပ် ၄၂ သိန်းငါးသောင်းသုံးထောင်ခန့် ပျောက်ဆုံးသွား၍ စုံစမ်းဖော်ထုတ်အရေးယူ ပေးရန် ဦးမြင့်ဦးက ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်က တရားလိုပြုလုပ် လာရောက်တိုင်တန်းသဖြင့် ကြံခင်းရဲစခန်း၏(ပ)အမှတ် ၂၄၅/၀၅ ပြစ်မှုပုဒ်မ- ၃၈၀ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ ဟင်္သာတခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်ငွေ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အမှုစစ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တရားခံ မြင့်စိုး(ဘ)ဦးစိန်လှ အသက်(၄၂)နှစ် မဲကုန်းကျွန်း ကြံခင်းမြို့နယ်နေသူပါ တရားခံခုနစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိသည့်အပြင် ခိုးရာပါပစ္စည်းများအားလုံး ပြန်လည်သိမ်းဆည်းရမိခဲ့၍ မတ် ၁၉ ရက်က သိမ်းဆည်းရမိ ရွှေထည်ပစ္စည်းများအား ပိုင်ရှင်ဖြစ်သူ ဦးမြင့်ဦးထံ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်ရဲတပ်ဖွဲ့)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေမလာတော့၍ စီစဉ်ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်ပြေလမ်းမနှင့် သုမနလမ်း တို့တွင် နေထိုင်သော ပြည်သူများအနေဖြင့် မြို့နယ် ရေသန့်သို့ ရေခွန်ရေခ ပုံမှန်ပေးဆောင်ထားသော်လည်း မတ်၅ရက်မှစ၍ ရေမလာတော့ပါ။ အနီး ဝန်းကျင် လမ်းဘေးရေကန်များတွင် အချိန်မရွေးလာနေသော်လည်း ကျွန်တော်များ ၂/တောင်ရပ်ကွက် ရန်ပြေ၌ ရေမလာသဖြင့် ရေရရှိရေး ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **ရေဒုက္ခကြုံသူများ**

အမှိုက်သိမ်းကား မှန်မှန်လာစေချင်

စာတည်းခင်ဗျား-

ဖျာပုံမြို့နယ် မြို့မရပ်ကွက်အတွင်း ယခင်က နေ့စဉ်အမှိုက်သိမ်းကားလာ သော်လည်း ယခုအခါ ၄/၅ရက်မှ တစ်ကြိမ်သာ လာပါသည်။

သို့သော်လည်း ခေါင်းလောင်းမတီးသဖြင့် မည်သူမျှမသိ၍ အမှိုက်ထုပ်များ စွန့်ပစ်ရေးခက်ခဲရပါသည်။ ယင်းအမှိုက်သိမ်းကား နေ့စဉ်လာရောက်ရေးနှင့် ကားရပ်တန့်ပေးစဉ် ခေါင်းလောင်းတီး၍ အချက်ပေးရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

ဖြူးမြို့ မြို့မအနောက်ရပ်ကွက် (၄)လမ်း ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

ဖြူးမြို့ မြို့မအနောက် ရပ်ကွက် ၄လမ်းအား ၂၀၀၃ ခုနှစ်တွင် ကတ္တရာ ခင်းခဲ့သော်လည်း ၄လမ်း မြောက်ပိုင်း အမက (၁)ရှေ့မှ စ၍ မြောက်ဘက်ကို ပေ၃၀၀ကျော်ခန့်အား မပြင်ဘဲချန်ထား ခဲ့ရာ လမ်းမှာ ကျင်းများ၊ ချိုင့်များဖြင့် လူနှင့်စက်ဘီးများ သွားမရဘဲ အလွန် ဆိုးရွားနေပါသဖြင့် ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

မဟာမြိုင်အိမ်ရာ ရေမှန်မှန်လာစေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်းအနီးရှိ မဟာ မြိုင်အိမ်ရာတွင် ယခင်က တစ်နေ့တစ်ကြိမ် ရေလွှတ်ပေးခဲ့သော်လည်း ယခု အခါ လေးရက်တွင် တစ်ကြိမ်ခန့်သာ ရေလွှတ်ပေးနေသဖြင့် အိမ်ရာနေ ပြည်သူများ ရေအခက်အခဲ ရှိနေပါသည်။

သို့ပါ၍ မဟာမြိုင်အိမ်ရာနေ ပြည်သူများ ရေအခက်အခဲ မရှိစေရန် အနည်းဆုံး နှစ်ရက်တစ်ကြိမ် ရေလွှတ် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မဟာမြိုင်သား**

ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကြပ်မတ်ပေးစေလို

စာတည်းရှင်-

ကျွန်မသည် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်အတွင်း နေထိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်သည့်အပြင် အိမ်ရှင်မတစ်ဦးလည်း ဖြစ်ပါသည်။

နိုင်ငံတော်က ဝန်ထမ်းများအား ၂၀၀၆ခုနှစ် ဧပြီလမှစ၍ လုပ်ခ၊ လစာများ တိုးမြှင့်ပေးလိုက်သဖြင့် ကျွန်မတို့ ဝန်ထမ်းမိသားစုများ အလွန်ပင်ဝမ်းသာခဲ့ကြပါသည်။ သို့သော် အဆိုပါ လုပ်ခ၊လစာကို မခံစားရသေးမီမှာပင် ဝန်ထမ်းများ လခတိုးမြှင့်မည်ဟူသော သတင်းကြားရုံမျှဖြင့် အခြေခံစားကုန်များမှာ ယခင်ကထက် ဈေးတက်ခဲ့ရာ ဆန်တစ်ပြည်လျှင် ကျပ် ၁၀၀၊ ဆီတစ်ပိဿာလျှင် ကျပ် ၂၀၀ ခန့် ဈေးတက်လာသည်ကို တွေ့မြင်ကြားသိနေရပါသည်။

သို့ပါ၍ လုပ်ခ၊ လစာ တိုးမြှင့်ပေးသော နိုင်ငံတော်၏ စေတနာကို ကျွန်မတို့ ဝန်ထမ်းများ အပြည့်အဝ ခံစားနိုင်ရန်အတွက် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို သက်ဆိုင်ရာမှ ကြပ်မတ်ထိန်းသိမ်းပေးပါရန် တင်ပြအပ် ပါသည်။ **အိမ်ရှင်မတစ်ဦး**

လူနေအိမ်ကြားမှ စက်ရုံပြောင်းရွှေ့ပေးသင့်

စာတည်းခင်ဗျား-

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၄)ရပ်ကွက် ဃ-၅ အတွင်းရှိ စက်ရုံမှ စက္ကူဖြတ်စပုံကြီးများမှာ လူနေအိမ်များအကြားတွင် မို့မောက်၍ ရှိနေပါသည်။ ပတ်ဝန်းကျင် လူနေရပ်ကွက်များနှင့် နီးကပ်စွာ ရှိနေသည့်အပြင် လောင်စာဆီများ သိုလှောင်အသုံးပြု နေသဖြင့် မီးဘေး အန္တရာယ် စိုးရိမ်နေ ရပါသည်။ သို့ပါ၍ လူနေရပ်ကွက်အတွင်းရှိ အဆိုပါ စက်ရုံအား သက်ဆိုင်ရာမှ ပြောင်းရွှေ့ ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးအန္တရာယ်စိုးရိမ်သူ**

အိမ်မွေးဝက်များကြောင့် လမ်းများပျက်စီးမှု ဆောင်ရွက်ပြီးစီး

၂၇-၂-၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ "ကဝမြို့နယ် သက္ကလကျေးရွာတွင် ဝက်များကြောင့် လမ်းများပျက်စီး" ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မန်ယူနှင့်အာဆင်နယ်တို့ နိုင်ပွဲများရချိန် ချယ်လ်ဆီးနှင့်ဘာမင်ဂမ် ဂိုးမရှိသရေကျ

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် ဧပြီ ၂

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)ပြိုင်ပွဲများကို ဧပြီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ချက်စတာယူနိုက်တက်အသင်းနှင့် အာဆင်နယ်တို့ အသီးသီးအနိုင်ရခဲ့ပြီး နာမည်ကြီးချယ်လ်ဆီးတို့ ဘာမင်ဂမ်အသင်းက ဂိုးမရှိ သရေဆွဲထားမှုကို ခံလိုက်ရသည်။

၁၅၀ မြောက်ဂိုး

ထို့နောက် ညပိုင်းက ဘောလ်တန်အသင်းနှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မန်ယူက အဝေး

မန်ယူနှင့်ဘော်လ်တန်အသင်းတို့ယှဉ်ပြိုင်ကစားရာတွင် နစ္စတယ်ရှိုင်း အနိုင်ဂိုးသွင်းပြီးနောက် မန်ယူကစားသမားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

ကွင်း၌ ဘော်လ်တန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းအတွက် အနိုင်ဂိုးကို နစ္စတယ်ရှိုင်းက သွင်းပေးလိုက်သဖြင့် ဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးအသင်းနှင့် ခုနစ်မှတ်သာ ကွာခြားမှုရှိတော့သည်။ နစ္စတယ်ရှိုင်းသည် ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် လူးဝစ်ဆာဟာ ဖြတ်ပို့သောဘောလုံးမှတစ်ဆင့် အနီးကပ်ဂိုးသွင်းယူလိုက်ခြင်း ဖြစ်သည်။ ယင်းဂိုးမှာ နစ္စတယ်ရှိုင်း၏ မန်ယူအတွက် ၁၅၀ မြောက်ဂိုးပင်ဖြစ်သည်။

ဂိုဝင်သွား

ဆာဟာသည် ၃၃ မိနစ်တွင် ဒါးဗီးစ်သွင်းယူထားသောဂိုးကို ချေပဂိုးသွင်းယူရာ ဘော်လ်တန် ဂိုးသမား ဂျက်စကယ်လင်နင်ကို ဝေ့၍ ကျော်ဖြတ်ကာ ဂိုးဝင်သွားခဲ့သည်။

ခြေစွမ်းအသာရ

ဒါးဗီးစ်က ဘော်လ်တန်အသင်းအတွက် ၂၆ မိနစ်တွင် ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။ ဆာဟာသည် ပထမပိုင်းပွဲမပြီးမီ ၁၂ မိနစ်အလိုတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ဒါးဗီးစ်က ဘော်လ်တန်အိမ်အသင်းအတွက် ဦးဆောင်ဂိုးမသွင်းမီ မန်ယူတို့ ခြေစွမ်းအသာရခဲ့သည်။

၂၆ မိနစ်တွင် ဘော်လ်တန်အသင်းမှ ကီဗင်နိုလန်က လျှော့တိုက်၍ ဒါးဗီးစ်ထံ ထိုးပေးလိုက်ရာ ၎င်းက ဖာဒီနန်၏ ခြေထောက်နှစ်ချောင်းအကြားမှ ဘောလုံးကို ဆွဲထုတ် သွားပြီး သွင်းယူလိုက်သည်။ မန်ယူကစားသမား ဆီးဗက်စတာက ဘော်လ်တန်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်လျက် ဆာဟာအတွက် ဂိုးသွင်းခွင့်များ ဖန်တီးပေးခဲ့သည်။ သို့ရာတွင် ပြင်သစ်ရှေ့တန်း အလယ်လူ ဆာဟာသည် ဝဲဘက်ခြေကိုသုံးပြီး ကန်သွင်းလိုက်ရာမှ ချေပဂိုးရခဲ့ခြင်းဖြစ်သည်။

မန်ယူဂိုးရှေ့တွင်လည်း အလားတူ အခွင့်အရေးမျိုး ဂျေဂျေအိုကိုချာ ရရှိရာ မန်ယူ နောက်တန်းကစားသမားများ အချိန်မီ ဖျက်နိုင်ခဲ့သဖြင့် ဂိုးမပေးလိုက်ရခြင်းဖြစ်သည်။

သွင်းယူ

ပွဲပြီးရန် ၁၁မိနစ် အလိုတွင် ဆာဟာသည် ရီနာဒို ဖြတ်ပို့သော ဘောလုံးရရှိခဲ့ရာ ၎င်းမှ တစ်ဆင့် နစ္စတယ်ရှိုင်းအား ထိုးပေးလိုက်ရာ ဂိုးဧရိယာအတွင်း ခြောက်ကိုက်အကွာမှ သွင်းယူလိုက်သည်။

ထိုနေ့က အာဆင်နယ်အသင်းနှင့် အက်စ်တွန်ဗီလာ အသင်းတို့လည်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်က ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အာဆင်နယ်တို့ လာမည့်နှစ် ချန်ပီယံလိဂ်နေရာရရှိရေး အတွက် အက်စ်တွန်ဗီလာကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။

ဗီလာတို့ ပွဲအစတွင် ဂိုးသွင်းခွင့် နှစ်ကြိမ်ရခဲ့သည်။ သို့ရာတွင် ၁၉မိနစ်တွင် အာဆင်နယ်က အဒီဘာယာ၏ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုး စတင်ရရှိသွားသည်။ ယင်းနောက် ခြောက်မိနစ်အကြာ အာဆင်နယ် တိုက်စစ်မှူး အွန်နရီက အာဆင်နယ် အတွက် ဒုတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ ၃၆ မိနစ်တွင် အွန်နရီကပင် တတိယမြောက်ဂိုး သွင်းယူလိုက်ပြန်သည်။

သံသယဖြစ်နေ

ယင်းနောက် ဗန်ပါစီက စတုတ္ထဂိုးနှင့် ဒီယာဘိုင်က ပွဲသိမ်းဂိုးအသီးသီး သွင်းယူခဲ့ကြသည်။ အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်နှင့် နောက်တန်းလူ အီမာနုရယ် အီဘော့တို့ ဒဏ်ရာရနေသဖြင့် စိုးရိမ်ပူပန်နေကြသည်။ ဖာဘရီဂတ်စ်သည် ဂျူဗင်းတပ်စ်နှင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ကစားရာတွင် ခြေထောက်တွင်ဒဏ်ရာ ရထားသည်။ လာမည့်ဗုဒ္ဓဟူးနေ့ ဧပြီ ၅ ရက်တွင် အီတလီ၌ ဂျူဗင်းတပ်စ်နှင့် ဒုတိယအကျော့ ကစားရမည်ဖြစ်ရာ ပါဝင်ကစားရေးသံသယဖြစ်နေကြသည်။

ခြိမ်းခြောက်ခံနေရ

အီတော့သည်လည်း ထိုနေ့က ဒုတိယပိုင်းတွင် ပေါင်ခြံအနာတရဖြစ်ခဲ့သည်။ အက်စ်တွန်ဗီလာအသင်းသည် အာဆင်နယ်အသင်းကို ဂိုးများများ ပေးလိုက်ရသဖြင့် နည်းပြ အိုလီယာရီ တန်းဆင်းဇုန်ဆင်းရမည့် အနေအထားမှ ခြိမ်းခြောက်ခံနေရသည်။

တစ်ဖန်ဘာမင်ဂမ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ဘာမင်ဂမ်က ဇယားထိပ်ဆုံးရောက် ချယ်လ်ဆီးထံမှ တစ်မှတ် ခွဲဝေယူလိုက်ခြင်းဖြစ်သည်။

ဂိုးမရဘဲဖြစ်

ဘာမင်ဂမ် တိုက်စစ်မှူးဟတ်စကီးသည် ပထမပိုင်းတွင်သုံးကြိမ်တိုင်တိုင် ဂိုးသွင်းခွင့်ရသော်လည်း ဂိုးရအောင် မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ထိုအတော အတွင်း အိုလီဗာတီဘလီ အပိုင်ကန်သွင်းယူလိုက်သောဘောလုံးမှာလည်း ချယ်လ်ဆီး ဂိုးသမား ပီတာချက် ကာကွယ်လိုက်သဖြင့် ဂိုးမရဘဲဖြစ်ခဲ့သည်။

ချယ်လ်ဆီးတို့ အပိုင်ဂိုး ရရှိရေး အတွက်အကြိတ်အနယ် ထိုးဖောက်

အာဆင်နယ် အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင် ကစားရာတွင် အက်စ်တွန်ဗီလာမှ ကီဗင်ဖီးလစ်(ယာ)၏ ထိုးဖောက်ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

တိုက်စစ်ဆင်ကစားရာ ဒရော့ဘာနှင့် ခရက်စပိုတို့၏ သွင်းဂိုးများကို ဘာမင်ဂမ် ဂိုးသမား မိုက်တေလာ ကာကွယ်နိုင်ခဲ့သည်။

ပွဲပြီးရန် မိနစ်ပိုင်းအလိုတွင် ခရက်စပို အပိုင်ကန်သွင်းခွင့် လွဲချော်သွားသည်။ ထိုအတောအတွင်း ကာဗယ်ဟို၏ ခေါင်းတိုက်ဂိုးများလည်း ကံမကောင်းစွာ ဘေးထွက်သွားသည်။

ဒုတိယပိုင်းတွင် ချယ်လ်ဆီးတို့ ပို၍ဖိကစားလာရာ ဟော်နီနှင့် ဒါ့ဖ်တို့ ဂိုးဧရိယာအတွင်း ဘောလုံးရောက်လာသည့်တိုင် ဂိုးရအောင်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဟန့်တားနိုင်

အစောပိုင်းက ဘာမင်ဂမ်သည် တောင်ပံကစားသမားများ ဖြစ်ကြသည့် ဒါ့ဖ်အာဂျင်ရော့ဘင်နှင့် ဒရော့ဘာတို့၏ ထိုးဖောက်တိုက်စစ်အတွဲကို ဟန့်တားနိုင်ခဲ့သည်။

ဟတ်စကီးသည် ဘာမင်ဂမ်အသင်းအတွင်း ယခုနှစ်ရာသီပရီမီယာရှစ်တွင် လေးဂိုးသွင်းပေးထားသူ ဖြစ်သည်။ ၎င်းသည်အဖွင့်ဂိုးအဖြစ် မိနစ် ၂၀ တွင် သွင်းမပြနိုင်၍ ယုံကြည်မှုနည်းသွားပုံရသည်။ ၎င်းသည် သုံးကြိမ်တိုင်တိုင် ဂိုးသွင်းခွင့် လွဲချော်သွားသည်။ ။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

၁၀ဦးတည်းဖြင့်ကစားခဲ့ရသည့် ရီရဲမက်ဒရစ်အသင်းအား ဘာစီလိုနာအသင်း အနိုင်ဂိုးမသွင်းနိုင်ခဲ့

ဘာစီလိုနာ ဧပြီ ၂

စပိန်လာလီဂါပွဲစဉ် (၃၁)ပြိုင်ပွဲအဖြစ် ဘာစီလိုနာအသင်းနှင့် ရီရဲမက်ဒရစ်အသင်းတို့ ဧပြီ ၁ ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။

ရီရဲမက်ဒရစ်အသင်းမှ ဘရာဇီးကစားသမား ရော်ဘတ်တိုကားလို့စ် ပထမပိုင်းတွင် နှစ်ဝါတစ်နီဖြင့် ထွက်သွားရသော်လည်း ရီရဲမက်ဒရစ်က ဘာစီလိုနာအသင်းကို တစ်ဂိုး–တစ်ဂိုး သရေဖြင့် ထိန်းကစားနိုင်ခဲ့သည်။



ဘာစီလိုနာအသင်းနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘာစီလိုနာမှ ဒေကို(ဝဲ)နှင့် ရီးရဲမက်ဒရစ်မှ ဇီဒန်းတို့ ဤသို့ ခြေစွမ်းပြ။
(ဓာတ်ပုံ–အင်တာနက်)

ထွက်သွားရ

ကားလို့စ်သည် ပထမပိုင်းတွင် ပယ်နယ်တီပေးရသည်ကို အငြင်းပွားရာမှ ပထမအကြိမ် အဝါကတ်အပြခံရသည်။ ယင်းနောက် ဒိုင်လူကြီးနှင့် ထပ်မံအငြင်းပွားရာ နောက်ထပ် အဝါကတ် အပြခံရပြီး ပွဲမှ ထွက်သွားရသည်။

၎င်းပယ်နယ်တီကို ရော်နယ်ဒင်ဟိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းဂိုးကို ရော်နယ်ဒိုက ရီရဲမက်ဒရစ်အသင်းအတွက် ချေပဂိုး သွင်းပေးနိုင်ခဲ့သည်။

ဘာစီလိုနာတို့ ဒုတိယပိုင်းတွင် ပို၍အကွက်စေ့အောင် ကစားနိုင်ခဲ့ပြီး လာဆွန်နှစ်ကြိမ် ဂိုးသွင်းခွင့် လွဲချော်သွားသည်။ သို့ရာတွင် ဘာစီလိုနာတို့ နောက်ထပ်ဂိုးများ ထပ်မံမရခဲ့တော့ပေ။

ဦးဆောင်ကစားနိုင်ခဲ့

ရီရဲမက်ဒရစ်ဂိုးဧရိယာအတွင်း ကားလို့စ်အဝင်ကြမ်း၍ လာဆွန်လဲကျခဲ့သဖြင့် ပယ်နယ်တီပေးလိုက်ရခြင်းဖြစ်သည်။ ယင်းနောက် ဆမ်မြူရယ်အီတိုးနှင့် ဘွန်မဲလ်တို့ ဘာစီလိုနာအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ရီရဲမက်ဒရစ်အသင်းသည် အဖိခံနေရသည်။ သို့ရာတွင် ရော်နယ်ဒိုက ရီရဲမက်ဒရစ်အသင်းအတွက် ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါတွင် လက်ကျန်ပွဲ ခုနစ်ပွဲသာကစားရန် ကျန်ရှိတော့ရာ ဒုတိယနေရာမှ ရီရဲမက်ဒရစ်အသင်းကို ၁၁မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ **(အင်တာနက်)**

ရှာရာပိုဗာချိန်သည့် ဒုတိယမြောက်ဖလား ဒုတိယဆုနှင့်သာ ကျေနပ်လိုက်ရ

မီယာမီ ဧပြီ ၂

ရုရှားမှ ဆဗက်လန်နာကွက်ဇ်ညှက်ဆိုဖာသည် ဖလော်ရီဒါ၌ ကျင်းပသည့် နက်စ်ဒက် ၁၀၀ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် နာမည်ကြီး မာရီယာ ရှာရာပိုဗာအား ၆–၄၊ ၆–၃ ဖြင့်အနိုင်ရပြီး ဆုဖလားကြီးကို ဆွတ်ခူးသွားခဲ့သည်။

ကမ္ဘာ့အဆင့်(၁၂)ရှိ ကွက်ဇ်ညှက်ဆိုဖာသည် တစ်နိုင်ငံတည်းသူ မာရီယာရှာရာပိုဗာနှင့်အတူ ဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးသွားခြင်းဖြစ်သည်။

ပထမဆုံးအကြီးကျယ်ဆုံးဖလား

သူမသည် ယင်းပွဲကို တစ်နာရီခွဲကြာ ကစားခဲ့ရသည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ယူအက်စ်အိုးပင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုဆွတ်ခူးသည့်ဆုသည် သူမအတွက် ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြီးကျယ်ဆုံးဖလားပင် ဖြစ်သည်။

မိမိသည် အပြင်းအထန်ကြိုးစားခဲ့၍ ဆုဖလားကြီးကို ထိုက်တန်စွာဖြင့် ဆွတ်ခူးနိုင်ခဲ့ကြောင်း သူမက ပြောကြားသည်။

ယင်းအနိုင်ရဗိုလ်စွဲမှုသည် သူမ၏တင်းနစ်ကစားသမားလောကတစ်လျှောက် တစ်ဦးချင်းပြိုင်ပွဲအတွက် ခြောက်လုံးမြောက်ဖလားဖြစ်သည်။ ၎င်းဖလားအနိုင်ရလိုက်သဖြင့် ကွက်ဇ်ညှက်ဆိုဖာသည် ကမ္ဘာ့ထိပ်တန်းအမျိုးသမီးတင်းနစ်ကစားသမား ၁၀ဦးစာရင်း ပြန်ဝင်လိမ့်မည်ဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်များ

အယ်ဗာတန်	**၂ ဂိုး**	**–**	**ဆန်းဒါးလန်း**	**၂ ဂိုး**
ဖူလ်ဟမ်	**၁ ဂိုး**	**–**	**ပို့စ်မောက်**	**၃ ဂိုး**
နယူးကာဆယ်	**၃ ဂိုး**	**–**	**စပါး**	**၁ ဂိုး**
ဝက်စ်ဘရွမ်း	**ဂိုးမရှိ**	**–**	**လီဗာပူး**	**၂ ဂိုး**

(အင်တာနက်)

ကသာမြို့ အမှတ် (၇) ရပ်ကွက်ရှိ ပိတောက်ရွှေဝါလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် အမှတ်(၇)ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မုဒုံ-ကော့ပရံကျေးလက်လမ်း အုတ်ခုံခံကွန်ကရစ် တံတားသစ်မုခ်ဦး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်

မုဒုံ မတ် ၃၀

မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသည့် မုဒုံ-ကော့ပရံ ကျေးလက်လမ်းပေါ်ရှိ အုတ်ခုံခံကွန်ကရစ် တံတားဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၈ နာရီက ယင်းတံတားသစ် မုခ်ဦး၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ကရစ်တံတားသစ်မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အထိမ်းအမှတ်

ထို့နောက် တံတားသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ပေးအပ်ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လက်ခံရယူသည်။

ဆက်လက်၍ တံတားသစ်ဖွင့်ပွဲကို ကျင်းပရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် တံတားဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်အဖွဲ့သည် တံတားသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အကုန်အကျခံ

အဆိုပါ တံတားမှာ အရှည် ပေ ၄၀၊ အကျယ် ၁၆ ပေရှိ အုတ်ခုံခံကွန်ကရစ် တံတားဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၄၈၃၀၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၇၀၀၀၀၀တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မီးလောင်မှုများတွင် စွမ်းစွမ်းတမံဆောင်ရွက်သော မီးသတ်တပ်ဖွဲ့ဝင်များအားဂုဏ်ပြုပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ မတ် ၂၀

တောင်ငူမြို့(၁၈)ရပ်ကွက် မင်းကြီးညိုလမ်းနှင့် (၉)ရပ်ကွက် အုတ်ကျုတ်တန်းတို့တွင် မတ် ၃ ရက်နှင့် ၄ ရက်က ဖြစ်ပွားခဲ့သည့် မီးလောင်မှုများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား တောင်ငူမြို့နယ်မီးဘေးတားဆီးရေးအဖွဲ့က ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၈ ရက် ညနေပိုင်းက တောင်ငူမီးသတ်ဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေး၊ မြို့နယ်မီးဘေးတားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မီးဘေးကာကွယ်တားဆီးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးရဲထွတ်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့ကြသည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို မြို့နယ်မီးဘေးတားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်မီးဘေးတားဆီးရေး အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(၃၀၃)**

ပုံပါကျင်မြတ်သုခလမ်း ကတ္တရာလမ်းခင်း

ပုံပါကျင် မတ် ၂၀

ပုံပါကျင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေဖြင့် မြတ်သုခလမ်း အရှည်ပေ ၆၆၀ ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ခဲ့ရာ မြို့နယ်ရှိ ပြည်သူများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း ဆောင်ရွက်မှုကြောင့် သတ်မှတ် ပေအရှည် ထက်ကျော်လွန်၍ ပေ ၁၁၃၀ကို ကတ္တရာလမ်းအဖြစ် အဆင့် တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာ ထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော မဟာဗန္ဓုလလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကိုပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးလုကာ ကွင်းဆင်း စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၄-၄-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (တာချီလိတ်မြို့မှ ရေမြေသာ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း အကြောင်း)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ကိုယ့်ထူး ကိုယ်ချွန် စိတ်ကိုပျိုးထောင်ခြင်း- ညွှန့်ဟံ-ကြူတော)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (တစ်ခွန်းစကားပြောကြားတတ် စေ-ဒေါက်တာမြတ်ထွန်းညွှန့်)

၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ပန်းချင်းရယ်မှ မတူပါလေ)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပျားရည်အစွမ်းသတ္တိ) (ဦးမြသောင်း-မန္တလေး)

ညနေပိုင်း

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးအတွက် လိုအပ်သော ကိုယ်လက်လှုပ်ရှားမှု-ဒေါက်တာမြင့်လွင်)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သွေးလေလျှောက်တဲ့ရှောက်)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါ ကာကွယ်ပါ)

၂၀း၃၀ မေတ္တာလက်ဆောင်ရ သကြ်ာန်တေးစီးရီး(စံပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အိပ်မက်သင်္ကြန်တေးစီးရီး)

၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (မာနပုံပြင်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရပ်ကွက် (၃) တံတားသံကူကွန်ကရစ်ကြမ်းခင်း တည်ဆောက်ခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့်သင်တန်းဖွင့်

မိုးကောင်း မတ် ၂၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲကို မတ် ၁၁ ရက်နံနက် ၁၀နာရီက ဆားမော်ကျေးရွာအုပ်စုအခြေခံပညာ အထက်တန်းကျောင်း မြတ်လေးခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမင်းနိုင်၊ တိုက်နယ်ဆရာဝန် ဒေါက်တာလင်းအောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးနိုင်တို့က အမှာစကားများ ပြောကြားကြသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၄ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၆)

မိုးညှင်းမြို့နယ်၌ ရေပေးဝေသော စိမ့်စမ်းရေသွယ်ပိုက်ဖွင့် ကျေးရွာကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်

မိုးညှင်း မတ် ၃၀

မိုးညှင်းမြို့နယ် ပင်သာကျေးရွာ ကွက်သစ်သောက်သုံးရေပေးဝေရေး ဖွင့်ပွဲနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို မတ်၂၅ရက် နံနက်၉နာရီက ပင်သာကျေးရွာကွက်သစ် အခြေခံပညာ မူလတန်းကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အသင်းအမှုဆောင်ဦးစိုးဝင်းက ခရိုင်နှင့်မြို့နယ်အသင်းမှအလှူငွေကျပ်၂၂၂၅၀၀၊ မြို့နယ်အသင်းအမှုဆောင် ဒေါ်ညွန့်တင်က မြို့ပေါ်စေတနာရှင်များ၏ စုပေါင်းအလှူငွေကျပ် ၃၄၅၀၀၀ကို ကျေးလက်ရေပေးဝေရေးကော်မတီထံ ပေးအပ်ကြသည်။

ဆက်လက်၍ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ၂၀၀ကို စည်းရုံးရေးမှူးက မြို့နယ်အသင်းသို့ ပေးအပ်ပြီး ပင့်သာကျေးရွာကွက်သစ်သို့ ရေပေးဝေသည့်စိမ့်စမ်းရေသွယ်ပိုက်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးကျော်စိုးလေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ဦးတို့က ဖွင့်လှစ်ပေးကြသည်။ (၁၅၂)

ရေစကြိုမြို့လုံးကျွတ် မြစ်ရေပေးဝေမှုစစ်ဆေး

ရေစကြို မတ် ၂၀

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ပခုက္ကူခရိုင် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြည်တင်တို့သည် မတ် ၁၂ ရက်က ရေစကြို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်မျိုး တို့ဆောင်ရွက်သော မြို့လုံးကျွတ် မြစ်ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရုံးတွင်းလုပ်ငန်းများကို စစ်ဆေးကြသည်။ **(၂၅၁)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းစစ်တွေ၌ဖွင့်

စစ်တွေ ဧပြီ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်သိမ့်ဆွေးနွေးအကြံပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့တော် ခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းသို့ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကအဖွဲ့ဝင် ဒေါ်မို့မို့နွယ်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ငွေငွေနှင့် တာဝန်ရှိသူများနှင့် သင်တန်းသူ ၆၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အမျိုး သမီးရေးရာအဖွဲ့ နာယကကိုယ်စား နာယကအဖွဲ့ဝင် ဒေါ်မို့မို့နွယ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ငွေငွေတို့က အမှာစကားပြောကြားကြပြီး စစ်တွေ တက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခ ဒေါ်ကျင်စီက သင်တန်းစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းကြောင်း သိရကြသည်။

(အမျိုးသမီးရေးရာ)

တာချီလိတ်မြို့နယ်၌ ဘိန်းအစားထိုးသီးနှံ ချင်းစိုက်ပျိုး

တာချီလိတ် မတ် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ခုတ်ဝကျေးရွာ ဦးချစ်ဂျေး(ခ) ဦးလှစိုးမြင့် တောင်ယာမြေတွင် ဘိန်းအစားထိုးသီးနှံအဖြစ် ချင်းစိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ၁၉ရက်က ခရိုင်၊ မြို့နယ် စိုက်ညှိအဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

အဆိုပါ စိုက်ခင်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးခင်မောင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့တို့က လှည့်လည်ကြည့်ရှုပြီး စိုက်ပျိုးမှုနည်းပညာဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ယင်းစိုက်ပျိုးခြင်းမှာ ဧက ၆၀ ရှိပြီး တစ်ဧကလျှင် ချင်းပိဿာချိန် ၅၀၀၀ ခန့်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အေးချမ်းဇေယျာ မြသိန်းတန်စေတီ ထီးတော်တင်မင်္ဂလာကျင်းပ

ကျောင်းကုန်း မတ် ၂၉

အေးချမ်းဇေယျာမြသိန်းတန်စေတီတော်မြတ် ထီးတော်တင်မင်္ဂလာအခမ်းအနားကို မတ်၂၄ရက် နံနက်၈နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းအုပ်စု သရက်တောကျေးရွာ မြို့မကညင်ကောက် ကျောင်းတိုက်အတွင်းရှိ အေးချမ်းဇေယျာမြသိန်းတန်စေတီတော်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာနမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယက ဆရာတော်ဦးအာစိဏ္ဏထံတွင် ငါးပါးသီလခံယူပြီး ထီးတော်အားကျောင်းထိုင် ဆရာတော်ဦးသုန္ဒရဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့်ဇနီး၊အတွင်းရေးမှူး ဦးဇော်မင်းထွန်း၊ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းနိုင်နှင့်ဇနီးတို့နှင့်အလှူရှင်များက ထီးတော်ကိုပင့်ဆောင်ပြီး လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အေးချမ်းဇေယျာမြသိန်းတန်စေတီတော်မြတ်ကြီး၏ ထီးတော်ကို ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရကိုယ်တိုင်ပင့်ဆောင်၍ ထီးတော်ကို အဆင့်ဆင့်ပင့်ဆောင် တင်လှူကြသည်။

အဆိုပါစေတီတော်မှာ ဉာဏ်တော် ၄၃ ပေရှိပြီး၊ အရံစေတီလေးဆူ၊ လိုဏ်ဘုရား လေးဆူနှင့် မုခ်ဦး၀ ငါးပေါက်ပါရှိပြီး ကျပ် ၈၇ သိန်း အကုန်အကျခံလှူဒါန်းသော စေတီတော်ဖြစ်ကြောင်း သိရသည်။ (၂၆၅)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်က မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုအခြေအနေကို မတ်၃ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းထွန်းလင်း တို့က ရှင်းလင်းတင်ပြစဉ် ။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဟသ်ာတမြို့၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်များလှူဒါန်း၊ ကြက်ခြေနီသင်တန်းဆင်းပွဲကျင်းပ

ဟသ်ာတ မတ် ၃၀

ဟသ်ာတမြို့နယ် ယုံသလင်းရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊အလှူငွေ၊ စာအုပ်များပေးအပ်လှူဒါန်းပွဲနှင့် ကြက်ခြေနီသင်တန်းဆင်းပွဲကို မတ် ၂၇ ရက်က ယုံသလင်းရွာ အခြေခံပညာအထက်တန်းကျောင်း သမုဟခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများနှင့် ကြက်ခြေနီသင်တန်းသားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးညွန့်ဦးတို့က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်က ရွာရှိလျှင် စာရှိရမည် ခေါင်းစဉ်ဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးအား ဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာတမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဆေးပဒေသာပင်အတွက် အလှူငွေများ၊ စာအုပ်များကို အသီးသီးပေးအပ် လှူဒါန်းကြပြီး ကြက်ခြေနီသင်တန်းဆင်းပွဲတွင် ထူးချွန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြောက်ဦးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးသီတာညွန့်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖေဖော်ဝါရီ၂၆ ရက်က မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာသို့ ကွင်းဆင်း၍ ကျေးရွာနေပြည်သူများအား အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောစဉ်။

(အမျိုးသမီးရေးရာ)

မတ် ၂၀ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်အတွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ စုပေါင်းပျိုးထောင်ထားသော ခြံစည်း ရိုးကြက်ဆူပင် တစ်သောင်းကျော် ရှင်သန်မှုကို ပျိုးခင်းအတွင်း တွေ့ရစဉ်။ (က-ပ)

မူကြိုစွမ်းရည်ပြပွဲ ဖားကန့်၌ ကျင်းပ

ဖားကန့် မတ် ၅

ဖားကန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ကြီးမှူး ကျင်းပသော တတိယအကြိမ်မြောက် မူကြို ကျောင်းပေါင်းစုံ စွမ်းရည်ပြပွဲနှင့် ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၉ ရက်က ဖားကန့်မြို့ မြို့လယ်မွှာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေး၊ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဝင်း၊ အဖွဲ့ဝင်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြင့်အောင်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီနီအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်ကြပြီး ကျောင်းပေါင်းစုံမှ မူကြို ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ယှဉ်ပြိုင်ကြရာ စည်ပင် မူကြိုကျောင်းက အကောင်းဆုံး ပထမဆုကို ရရှိကြောင်း သိရသည်။ **(က-ပ)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မန္တလေးတိုင်း တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၃၈၃ (အမ်)

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (မိတ္ထီလာမြို့) **နှင့်** ၁။ ဦးစိုးအောင် ၂။ ဒေါ်ဇင်သက်မာ ၃။ ဒေါ်မြင့်မြင့်ကြည်

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ်၊ မေလ ၂ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ် (၄၊ ဆိုင်၊ တန်း) ဦးပိုင်အမှတ်(၉) မြေကွက်အမှတ်(၉)မြေချိန် ဧရိယာ (၀ ဒသမ ၀၃၂)ဧကရှိမြေ၊ ၎င်းမြေပေါ်ရှိ (၄၅ x ၄၀)ပေ၊ လူနေ(၃)ထပ်တိုက်၊ ပုံနှိပ်စက်လုပ်ငန်းရှိ စက်ပစ္စည်းများအားလုံး

ကြမ်းခင်းဈေး ကျပ်သိန်း(၁၁၅၀)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ်၊ မတ်လ ၁၆ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

အမြန်ရောင်းမည်

လက်ရှိဒိုင်နမိုနှင့်တွဲ၍ အသုံးပြုနေသော RUSCON (အင်ဂျင်)၊ Lincoln-England Size 7xClasshre အား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၁၃၁၉။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မကွေးတိုင်း တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမ ဇာရီမှုအမှတ်-၂၅

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးမြို့ **နှင့်** ၁။ ဦးချစ်ထွန်း ၂။ ဒေါ်တင်တင်မြင့်

တရားနိုင် **တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ်-၅၈ တွင် စရိတ်များအပါအဝင် ငွေ-၃၈၇၈၆၃၈/၁၄ ကျပ်အတွက် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ်၊မေလ ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အချင်းဖြစ် အဆောက်အအုံရှေ့၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၂)ရပ်ကွက်၊ အကွက်အမှတ် (၂၀၄၆-ဆီမီးထွန်း-ယ) ဦးပိုင်အမှတ် ၉၇/ ၁၃၈၊ ဧရိယာ(၁ဒသမ ၁၂၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၄၅X၂၆X၁၀.၆)ပေ၊ သွပ်မိုး၊ ထုလေးလက်မခွဲအုတ်ကာ(ပ) လျှာထိုးပျဉ်ခင်း၊ မြေညီကွန်ကရစ်ခင်း (၂)ထပ်၊ လူနေအဆောက်အအုံနှင့် တွဲလျက် (၃၃.၆X၅၇X၉)ပေ၊ သွပ်မိုး၊ ပဲညှစ်အဆောက်အအုံ အကျယ်အဝန်း(၄၃X၂၆.၆X၉)ပေ၊ သွပ်မိုး၊ ပဲကြော်ဖို၊

ကြမ်းခင်းဈေး ကျပ်သိန်း(၄၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးသီတာ
တွဲဖက်တိုင်းတရားသူကြီး
မကွေးတိုင်းတရားရုံး။

(၁၂) နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

[illegible]

@ Grace Wan; (Y.I.E.C)

(၁၂) နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

[illegible]

"အားလုံးအတွက် အမောပြေ သွက်လက်ကျန်းမာစေမှာ Happy အချိုရည်ပါ..."

Happy [illegible] cordial [illegible]

Happy [illegible] Cottage Industries Department [illegible]

Happy [illegible]

Happy [illegible] (F.D.A) [illegible]

[illegible]

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငက်ပျောတောကျေးရွာ၌ သာသနာ့ဝေပုလ္လ ခါတော်မှီကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒက အရှင်မြတ် တည်ဆောက်လျက်ရှိသော ကံဦးဇာတ်တော်တိုက် ကိုးနဝင်း ဆုတောင်းပြည့်စေတီ အာရုံခံတန်ဆောင်း တည်ဆောက်ရေးအတွက် လှည်းကူးမြို့ ဝါးရုံတောဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဒုမလင်္ကာရ မဟာထေရ်အားအမှူးပြု၍ မတ် ၂၃ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ် ၄၁/၂၈ လမ်းနေ ဦးငြိမ်းဇော်လင်း မိသားစုက အလှူငွေကျပ်၁၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမမောင်းမြို့ ပတ္တမြားလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၂ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ ဦးဇော်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံတည်ဆောက်သော သိမ်အဆောက်အအုံသစ်အတွက် မတ် ၂၁ ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ ဝိမလထံ မော်လမြိုင်မြို့ ဝတ်ကြီးလမ်း အမှတ် (၁၁၀)နေ ဦးသန်းလှိုင်-ဒေါ်နီနီမိသားစုက ငွေကျပ် သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ကရင်ပြည်နယ် ဘားအံခရိုင် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ချအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတက်ရောက်၍ မျိုးစေ့များပျိုးထောင်စိုက်ပျိုးပေး ရော်ဘာနှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းအောင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံခရိုင် ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချအခမ်းအနားတွင် မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်မြို့တော် ဧပြီ ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ မတ် ၃၀ရက် နံနက် ၆နာရီခွဲတွင် ဘားအံတပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ ကြက်ဆူစိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူမျိုးပွားကိုင်းပင်များကို စိုက်ပျိုးကြပြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များ၏ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နေပြည်တော်မြို့တော် သာသာယာယာ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဧပြီ ၃ ရက်)၌ အများအားဖြင့် သာယာမည်။

ဧပြီ ၁ ရက်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းအကျယ်-စာ ၇) (လယ်ယာ/ဆည်မြောင်း)

ဗိုလ်ချုပ်ဈေးမျက်နှာစာရှိ မြန်မာ့ရတနာစတိုး(၁၅) ပန်းပုအရောင်းဆိုင်တွင် ပြသထားသည့် အင်းဝခေတ် လုပျိုဖြူတို့၏ ဝတ်စားဆင်ယင်မှုသရုပ်ကို ပီပြင်အောင် ကျွန်းသစ်ဖြင့် ထုဆစ်ထားသည့် ဒါးပိန်မောင်ကို၏လက်ရာ "အင်းဝသူ"ပန်းပုရုပ်တုကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက် ပန်းပုလက်ရာမြောက်စွာ ထုဆစ်ခြယ်မှုန်း

ရန်ကုန် ဧပြီ ၂

ပန်းပုပညာသည် မြန်မာ့ရိုးရာပန်း ၁၀ မျိုးတွင် ပါဝင်သော အနုပညာလက်ရာတစ်ပါးဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် ပန်းပုပညာသည် တိုးတက်ထွန်းကားခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

စာမျက်နှာ ၆ ကော်လံ ၂ ●

သတင်းဆောင်းပါး-မြင့်မောင်စိုး
ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး